ကြေးမုံ
The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ ကြာသပတေးနေ့ (29-5-2014) (၇၇၅၅)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

မိုးကုတ်	၂	ဒသမ	၄၄	လက်မ
ကျိုက္ကမီ	၂	ဒသမ	၀၅	လက်မ
ဘီးလင်း	၁	ဒသမ	၉၇	လက်မ
ကျိုင်းတုံ	၁	ဒသမ	၆၉	လက်မ
ကော့ကရိတ်	၁	ဒသမ	၅၄	လက်မ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်အာဖရိကနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တောင်အာဖရိကသမ္မတနိုင်ငံ၏ သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ ဂျေးကော့ဘ် ဇူးမား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နှစ်နိုင်ငံအစိုးရအချင်းချင်းသာမက တပ်မတော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ စစ်ဦးစီးချုပ် General Shigeru IWASAKI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက်သာမက ပူးပေါင်းဆောင်ရွက်မှုအတွက် ဂျပန်နိုင်ငံက နည်းပညာများ၊ ထောက်ပံ့ငွေနှင့်ချေးငွေများ ကူညီပံ့ပိုးပေးနေမှုများ၊ နှစ်နိုင်ငံအစိုးရအချင်းချင်းသာမက တပ်မတော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်စစ်ဦးစီးချုပ် ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi HIGUCHI လည်းတက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ စစ်ဦးစီးချုပ် General Shigeru IWASAKI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မြိတ်မြို့နယ်တွင် ကျောင်းအပ်နှံရေးနှင့် ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းဝတ်စုံ၊ စာရေးကိရိယာများလှူဒါန်း

မြိတ် မေ ၂၈

မြိတ်မြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအတွက် ကျောင်းအပ်နှံရေးနှင့်ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့်ကျောင်းဝတ်စုံများလှူဒါန်းပွဲကို ကလွင်ကျေးရွာ သံသရာအေးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ယနေ့ နံနက် ၉ နာရီကကျင်းပရာ ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်းက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဌာနမှ ကျောင်းသုံးဖတ်စာအုပ်များနှင့် ကျောင်းသုံးဗလာစာအုပ်

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ❖

ကွက်ကျားမိုး

နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

ကြေးမုံ စာ တည်း ရှု ထောင့် — ၂၉-၅-၂၀၁၄၊ ကြာသပတေးနေ့

လူတိုင်းအတွက် ပညာရေး

၂၁ ရာစုကို ပညာခေတ်ဟု ပညာရှင်များက သတ်မှတ်၊ မှတ်ချက်ပြုကြသည်။ ပညာခေတ်၏ အနှစ်သာရသည် ကမ္ဘာသားများအားလုံး တစ်နည်းအားဖြင့် လူတိုင်းစာတတ်မြောက်ကြရမည်။ Education for All အားလုံးအတွက် ပညာရေးသည် ဤသဘောကိုဆောင်သည်။ စာမတတ်သူမရှိ၊ ပပျောက်ပါမှ ပညာခေတ်၏ အခြေခံပန္နက်ခိုင်မာမှုရှိလာပြီး ပညာ့အဆောက်အအုံကြီးကို တည်ဆောက်လာနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ကမ္ဘာ့နိုင်ငံတိုင်းတွင် ပညာရေးကိုအဆင့်မြင့်တင်ရှေ့တန်းတင်လာကြသည်။ ပညာရေးနည်းပညာစွမ်းပကားဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ဖို့ကြိုးစားလာနေကြသည်မှာ မိမိတို့နိုင်ငံ အပါအဝင်ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် နှေ့ရာသီ၌ ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်များ အနားယူနေကြချိန် တချို့သောဒေသများမှ ဆရာ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် အနားမယူဘဲ ထူးခြားသောကုသိုလ်ဒါနပြုနေခဲ့ကြသည်။ တစ်စုံတစ်ဦး၏ တွန်းအားမပါရှိဘဲ ကိုယ်ပိုင်အသိနှင့် လုပ်ငန်းခွင်ဝင်ရောက်ကာ နွေကာလကို စိတ်လက်ချမ်းသာ နိုးကြားတက်ကြွစွာ ဖြတ်သန်းခဲ့ကြသည်။ မိမိတို့နိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ကူညီအကျိုးဆောင်ပေးခဲ့ကြ၍ ဖြစ်ပါသည်။

အလှူတကာ့အလှူတွင် တရားအလှူ တစ်နည်း ပညာအလှူသည် အမြတ်ဆုံးဟု ရှင်တော်ဗုဒ္ဓမိန့်ကြားခဲ့သည်။ နွေရာသီမှာ ထိုထိုသော ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများသည် မိမိတို့တတ်ထားသည့် ပညာနှင့် ကျေးလက်တောရွာများအနှံ့ဖြန့်ကြက်ကာ ပညာ့အလှူဖြန့်ဝေပေးခဲ့ကြသည်။ အရေး၊ အဖတ်၊ အတွက်ဟူသည့် အရွယ်လွန်အခြေခံပညာရေးကို ကံ့ကူလက်လှည့်သင်ပေးခဲ့ကြသည်။ စိတ်ရှည်သည်းခံ စေတနာမှန်ခဲ့ကြ၏။ အချိန်တိုအတွင်းမှာ ဒေသခံများ စာရေးစာဖတ်တတ်ခဲ့ကြသည်။ လူတိုင်းအတွက် ပညာရေး၏ အောင်ပွဲတစ်ခုဖြစ်သည်။

ယခုနှစ် ကျောင်းဖွင့်ရာသီရောက်၍လာပါပြီ။ အခြေခံပညာရေးနှင့်ပတ်သက်၍ နှစ်ထောင်းအားရစရာ သုတိမင်္ဂလာစကားများကြားလာရပြီ။ ၂၀၁၂ ခုနှစ် ပညာသင်နှစ်မှစ၍ မူလတန်းအခမဲ့ပညာရေးကို စတင်ခဲ့သည်။ ယခုနှစ်တွင် အလယ်တန်းကိုပါ အခမဲ့ ဖြစ်စေခဲ့ပါပြီ။ ကျောင်းဖွင့်ရာသီရောက်တိုင်း ပူပင်သောက ဗျာများခဲ့ကြရသော၊ အထူးသဖြင့် အခြေခံလူတန်းစားများ၏ သားသမီးများ၏ပညာရေးကို နိုင်ငံတော်မှ တစ်နိုင်တစ်ပိုင် ဝင်ကူတာဝန်ယူပေးလိုက်ခြင်းဖြစ်သည်။ လူတိုင်းအတွက် ပညာရေးကို ကြီးစွာအထောက်အကူဖြစ်စေမည် အမှန်ဖြစ်ပါသည်။

ပညာရေးဟူသည်မှာ နယ်ပယ်ကျယ်ဝန်း နက်နဲလွန်းသည်။ အသိပညာ၊ အတတ်ပညာ၊ ရသသက်မွေးပညာ၊ အထွေထွေဗဟုသုတ စသဖြင့် အင်္ဂါရပ်စုံသည်။ ရှေးတုန်းက ဗလငါးတန်ဖွံ့ဖြိုးရေးဟုဆိုသည်။ ယခု ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ရသ၊ သက်မွေး ဘက်စုံပညာရေးဟု ဖွင့်ဆိုသည်။

ပညာရေးတံခါးကိုဝင်ခွင့်ရနိုင်ဖို့ ဦးစွာ "စာ"ကို သင်ရသည်။ အလိမ္မာစာမှာရှိဆိုစကားအတိုင်း စာပေပညာတတ်မှ အဋ္ဌာရသစုံ နှံ့စပ်ကုံလုံလေ့လာနိုင်မည်။ အသိအမြင်ကျယ်လာနိုင်မည်။ သို့သော် သူငယ်တန်းမှ ၁၀ တန်းထိတိုင် ဆယ်နှစ်ဆယ်မိုး 'စာ'တစ်ခုတည်းနှင့် ဖြစ်မနေသင့်။ ပညာရှင်များက သုံးသပ်ဆုံးဖြတ်လာကြသည့် အကျိုးဆက်မှာ ယခုနှစ်ပညာသင်နှစ်မှစ၍ အခြေခံပညာရေးတွင်သင်ခန်းစာများကို လျှော့ချပေးလိုက်ခြင်းဖြစ်သည်။ ဘက်စုံဖွံ့ဖြိုးပညာရေးအတွက် လမ်းဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ဤသည်လည်း အားလုံးအတွက်ပညာရေးတွင် ဘက်စုံပညာရေးကို အားဖြည့်ပေးလိုက်နိုင်ခြင်းပင်ဖြစ်သည်။ ဤသို့ဆိုလျှင် ၂၁ ရာစု ပညာခေတ်၏ ပြီးပြည့်စုံသောပညာရေးကို မိမိတို့အစပြု စတင်လိုက်နိုင်ခြင်းပင်ဖြစ်ပါသည်။

ပညာခေတ်၏မူလအခြေခံ Education For All ကို ပီပြင်အောင်ဖော်ဆောင်ထုဆစ်ပေးကြရမည့်သူများမှာ "နာသုံးနာ" နှင့် အာစရိယနွယ်ဝင်မြတ်ဆရာများပင်ဖြစ်ပါသည်။ ထိုထိုသော ဆရာများ၏ အရည်အသွေးနှင့် အရည်အချင်းက ဆက်နွယ်ရာအဝန်းအဝိုင်း၏ လွှမ်းခြုံပညာရေးအဆင့်အနိမ့်အမြင့်ကို အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။ ဆရာ့နယ်ပယ်သည်လည်း သန့်စင်လှပဖွံ့ဖြိုးတိုးတက်အခြေမြင့်နိုင်မည်ဖြစ်သည်။ ။

ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ သက်တော် (၉၃) နှစ်ပြည့် ဝိဇာတမင်္ဂလာပူဇာသဘင်အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် စေတော်ဝင် ရွှေပေါ်ကျွန်း သာသနာပြုစခန်းကို တည်ထောင်ခဲ့သော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇေယျသိဒ္ဓိဓမ္မဉာဏကိ ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ သက်တော်(၉၃) နှစ်ပြည့် ဝိဇာတမင်္ဂလာ ပူဇာသဘင် အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါသာသနာပြုစခန်းရှိ ဝိဇယကာရီခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ကသာဆရာတော် ဘဒ္ဒန္တနိမလထံမှ ဩဝ့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် မေတ္တာသုတ်ပရိတ်တော်ကို နာယူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ဝိဇာတမင်္ဂလာ ဝန္ဒနာကို လျှောက်ထားပြီး ဆရာတော်ကြီးတည်ထားခဲ့သော တဝစေတီတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမန်း၊ စေတော်ဝင် ရွှေပေါ်ကျွန်းအကျိုးတော်ဆောင် ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက အလှူငွေများကို ရွှေပေါ်ကျွန်း ပဓာနနာယကဆရာတော်ကိုယ်စား လက်ခံကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသထံမှ အနုမောဒနာတရားနာကြားကာ စေတော်ဝင် ရွှေပေါ်ကျွန်းပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရထံ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ကြွရောက်လာကြသည့် သံဃာတော်အရှင်မြတ် အပါး ၃၀၀ တို့အား ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြပြီး **(အပေါ်ဝဲပုံ)** ပြည်ထောင်စုဝန်ကြီးသည် ဆရာတော်ကြီး တည်ထားကိုးကွယ်ခဲ့သော တဝစေတီတော်တွင် တင်လှူမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့၏ အခြေအနေနှင့် စေတီတော်ပြုပြင်မွမ်းမံနေမှုများကို ကြည့်ရှုစစ်ဆေး ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၂၈

ရန်ကုန်	ရွှေဈေး	၆၅၅၇၀၀	-	၆၅၆၂၀၀
မန္တလေး	ရွှေဈေး	၆၅၅၅၀၀	-	၆၅၆၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၄. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၄. ၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၄. ၂၆
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၅၃၀
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၉. ၁၀
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၃၆၄
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၅. ၅၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄. ၁၆၄
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၂. ၅၁
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၇. ၆၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ကရင်ပြည်နယ်မှ လယ်ယာဖွံ့ဖြိုးရေးလေ့လာရေးအဖွဲ့ဝင်များ၊ ယဉ်ကျေးမှုအကအဖွဲ့များနှင့် နေပြည်တော်ရှိမြို့နယ်များမှ တောင်သူလယ်သမားများ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၈

ကရင်ပြည်နယ် ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီ၊ ဖာပွန်မြို့နယ်များမှ လယ်ယာဖွံ့ဖြိုးရေးလေ့လာရေးအဖွဲ့ဝင်များနှင့် ယဉ်ကျေးမှုအက အဖွဲ့ဝင်များသည် မေ ၂၇ ရက် နံနက် ၇ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဧက (၃၀၀၀) စိုက်ကွင်းရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းများ၊ ပုလဲသွယ်စပ်မျိုးနွေစပါးစိုက်ခင်းများ၊ ကျားကူးအနောက်ကျေးရွာအနီးရှိ ပုလဲသွယ်စပ်မျိုးစပါး F1 ဧက (၁၀၀) မျိုးစေ့ထုတ်စိုက်ကွင်း၊ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ ဧက (၄၄၀) စိုက်ကွင်း၊ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက် ဧက (၉၀၀) ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းတို့သို့ သွားရောက်ကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကြိုဆိုပြီး ဒက္ခိဏသီရိ၊ ဥတ္တရသီရိ၊ ဇေယျာသီရိ၊ ဇမ္ဗူသီရိနှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြင်ချင်းဖလှယ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးခင်ဇော်က နေပြည်တော်ကို ဗဟိုပြု၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် တစ်ပြိုင်တည်း ကြီးပမ်းအကောင်အထည်ဖော်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက တောင်သူများအား စိန်တလုံးသရက်၊ နဂါးမောက်၊ ဘူး၊ ခရမ်း၊ ငရုတ်ရှည်၊ ကညွတ်နှင့် ကန်စွန်းပင်များနှင့် ဥယျာဉ်ခြံသီးနှံပျိုးပင်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖာပွန်နှင့် လှိုင်းဘွဲ့မြို့နယ်တို့ရှိ ကျေးရွာများ သားငါးကဏ္ဍဖွံ့ဖြိုးရေးနှင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

နေပြည်တော် မေ ၂၈

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် မေ ၂၆ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဖာပွန်မြို့ရှိ ဝေဠုဝန်ကျောင်းတိုက်နှင့် ဥတ္တရာရုံကျောင်းတိုက်များသို့ သွားရောက်ပြီး ဆရာတော်များအား ဖူးမြော်ကြည်ညို၍ ဖာပွန်မြို့နယ်ရှိ ကျေးရွာများမှ အထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ဖာပွန်မြို့နယ်သည် ကရင်ပြည်နယ်၏ မြောက်ပိုင်းအစွန်အဖျားဖြစ်၍ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၀ အား မြစိမ်းရောင်ကျေးရွာစီမံကိန်းအရ နှစ်အလိုက်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူအခြေပြု လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေရေးအတွက် ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရေး အရင်းမပျောက်လည်ပတ် ရန်ပုံငွေထူထောင်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် ဒေသခံပြည်သူများအနေဖြင့် မိမိတို့ကိုယ်တိုင် ပါဝင်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ငန်းများအလိုက် တစ်ဆင့်ပြီးတစ်ဆင့်တိုးမြှင့်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝေဠုဝန်ကျောင်းတိုက်နှင့် ဥတ္တရာရုံကျောင်းတိုက်တို့အတွက် သွပ်နှင့် ဘိလပ်မြေအိတ်များ၊ ဖာပွန်မြို့နယ်ရှိ ကျေးရွာကျောင်းများအတွက် စာသင်ခုံများ၊ စားပွဲခုံများ၊ ကျန်းမာရေးလိုအပ်ချက်များ၊ သန့်ရှင်းသောသောက်သုံးရေ ရရှိနိုင်ရေး၊ ဆိုလာစနစ်ဖြင့် မီးလင်းရေး၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးဘဏ် ထူထောင်ပေးခြင်း ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဖာပွန်မြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

ထို့နောက် ဖာပွန်မြို့နယ် ပြည်သူ့ဆေးရုံ၌ လူနာများအား တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ကာ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအသင်းဝင်များနှင့် တွေ့ဆုံပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ကမမောင်းမြို့နယ်ခွဲ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ KNU တပ်မဟာ(၅)မှ ဆက်ဆံရေးတာဝန်ခံ၊ မြို့နယ်ခွဲအတွင်းရှိ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို ပြောကြားပြီး စာသင်ကျောင်းများအတွက် စာသင်ခုံများ၊ ကျေးရွာများအတွက် ဆိုလာမီးများ၊ ကျောင်းကွင်းကျေးရွာ၊ မြင်းတပြေး၊ ကိုလူပျို၊ ဒေးဝါး၊ ကကိုင်းတော၊ ရေပူ၊ ဝါသိုခို၊ ဝါးဒူး၊ ဝါကော်ကျေးရွာနှင့် တခေ့ခိုကျေးရွာများအတွက် သောက်ရေတွင်းများ၊ ကျေးရွာချင်းဆက်လမ်းရှိ သစ်သားတံတားပြုပြင်ရေး၊ သောက်သုံးရေရရှိရေးနှင့် ကွဲအင်း၊ ဖားဘောင်၊ ထူးဝါးကော်၊ တံတားဦးနှင့် တကော့လုံကျေးရွာများအတွက် ဖွံ့ဖြိုးရေးလိုအပ်ချက်များ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးဘဏ်ထူထောင်ပေးခြင်းဖြင့် ဖြည့်ဆည်းပေးသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသရှိ သစ္စာအေးမြိုင်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းအပ်နှံနေသည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းကာ DKBA ငြိမ်းချမ်းရေးအဖွဲ့မှ မသန်စွမ်းစစ်မှုထမ်းဟောင်းများနှင့် တွေ့ဆုံပြီး နိုင်ငံတော်သမ္မတ၏ လက်ဆောင် ဆန်၊ ဆီ၊ ဆား အခြေခံစားကုန်များနှင့် ဘုရားဆင်းတုတော်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရွှေဂွန်းစံပြကျေးရွာ သုတအလင်းတံခါး စာကြည့်တိုက် ပြတင်းပေါက်များနှင့် ဆိုလာမီးတပ်ဆင်နိုင်ရေး ဖြည့်ဆည်းသည်။

ယင်းနောက် ရွှေဂွန်းအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ စာသင်ကျောင်းအတွက် လိုအပ်ချက်များ၊ ဉဒေါင်း၊ ကျုံးမကို၊ ဂျိုးချောင်း၊ တော်ဝင်ဖန်ရနှင့် တခင်းလုံကျေးရွာများရှိ စာသင်ကျောင်းများအတွက် စာသင်ခုံများ၊ ဆရာ ဆရာမစားပွဲခုံများ၊ အားကစားအထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးသည်။

ထို့နောက် ထီလုံကျေးရွာ စစ်မှုထမ်းဟောင်းအိမ်ရာ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးဘဏ်ထူထောင်ပေးပြီး နိုင်ငံတော်သမ္မတ၏ လက်ဆောင် ဆန်၊ ဆီ၊ ဆားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူငယ်ဘောလုံးအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

ရန်ကုန် မေ ၂၈

မြန်မာ့လက်ရွေးစင်ဟောင်းအဖွဲ့က ကြီးမှူး၍ Coca Cola(Myanmar)၏ ပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်သည့် လူငယ်ဘောလုံးသင်တန်း (၁/၂၀၁၄) သင်တန်းဆင်းပွဲကို တောင်ဥက္ကလာပမြို့နယ် သံသုမာဘောလုံးကွင်း၌ ယနေ့ညနေ ၃ နာရီက ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှေးဦးစွာ သင်တန်းသားများက သရုပ်ပြကစားကြသည်။ သရုပ်ပြပွဲအပြီးတွင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က သြဝါဒစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ လက်ရွေးစင် ဘောလုံးသမားဟောင်းများအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်၊ Coca Cola(Myanmar) မှ Marketing Director Rommel P.Fuentebella နှင့် နေပြည်တော် ဘောလုံးအကယ်ဒမီကျောင်းအုပ်ကြီး ဦးဝင်းမြင့်တို့က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် သင်တန်းဖြစ်မြောက်ရေး စီစဉ်ဆောင်ရွက်သူ ဦးတင်အောင်(ဂိုး)က တာဝန်ရှိပုဂ္ဂိုလ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

လူငယ်ဘောလုံးအခြေခံသင်တန်း (၁ /၂၀၁၄) ကို မေ ၅ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၅၀ ကျော် တက်ရောက်ခဲ့သည်။ လူငယ်ဘောလုံး အခြေခံသင်တန်းများကို ရန်ကုန်မြို့တွင်သာမက နယ်မြို့များတွင်လည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖြစ်မြောက်ရေးစီစဉ်ဆောင်ရွက်သူ ဦးတင်အောင်(ဂိုး)က အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဝါရှင်တန် မေ ၂၈

ယခုနှစ်ကုန်တွင် အာဖဂန်နစ္စတန်၌ အမေရိကန်ပြည်ထောင်စုက ၎င်း၏ တိုက်ခိုက်ရေးတာဝန်များ နိဂုံးချုပ်ပြီးနောက် ယင်းနိုင်ငံတွင် တပ်ဖွဲ့ဝင် အရေအတွက် ၉၈၀၀ သာ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း သမ္မတ ဘာရက်အိုဘားမားက ပြောကြားသည်။

၂၀၁၄ ခုနှစ်အလွန် အာဖဂန်နစ္စတန်၌ အမေရိကန်တပ်ဖွဲ့အင်အား ၉၈၀၀ ဆက်လက်ထားရှိမည်

အိမ်ဖြူတော်၌ အင်္ဂါနေ့တွင် ထုတ်ပြန်ခဲ့သော အစီအစဉ်အရ ၂၀၁၆ ခုနှစ်နောက်ပိုင်း အရေအတွက် အနည်းငယ်မျှသာ ကျန်ရှိသည်အထိ တပ်ဖွဲ့ဝင်အင်အားကို တဖြည်းဖြည်း လျှော့ချသွားမည်ဖြစ်သည်။

ကျန်ရှိသော တပ်ဖွဲ့ဝင်များသည် အမေရိကန်သံရုံး အစောင့်တာဝန်ထမ်းဆောင်ရန်၊ အာဖဂန်တပ်ဖွဲ့ဝင်များကို လေ့ကျင့်ပေးရန်နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးကို ကူညီရန်အတွက်ဖြစ်သည်။

ယင်းအစီအစဉ်သည် အာဖဂန်အစိုးရက ပူးတွဲလုံခြုံရေး အစီအစဉ်အား လက်မှတ်ရေးထိုးခြင်းအပေါ် မူတည်လျက်ရှိသည်။

ငြင်းဆန်

လက်ရှိအာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ယင်းလုံခြုံရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ငြင်းဆန်နေစဉ် နောက်တက်လာမည့် သမ္မတက လက်မှတ်ထိုးမည်ဟု အိုဘားမားအစိုးရက ယုံကြည်နေပုံရသည်။

မစ္စတာကာဇိုင်း၏ သမ္မတရာထူးကို ဆက်ခံရန်အတွက် အဗ္ဗဒူလာချ် အဗ္ဗဒူလာချ်နှင့် အတ်ရှ်ရပ်ဂါနီတို့နှစ်ဦးသည် ၂၀၁၄ ခုနှစ် ဇွန်လတွင် ပြန်လည်ယှဉ်ပြိုင်ကြရန် သတ်မှတ်ထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် လုံခြုံရေးစာချုပ်ကို လက်မှတ်ထိုးမည်ဟု ၎င်းတို့ နှစ်ဦးလုံးက ပြောထားခဲ့သည်ဟု အိုဘားမားက အင်္ဂါနေ့တွင် ထည့်သွင်း ပြောကြားခဲ့သည်။ဗြိတိသျှတပ်ဖွဲ့ဝင်အားလုံးက ယခုနှစ်ကုန်တွင် ပြန်လည်ထွက်ခွာကြမည်ဖြစ်သည်။ **ဘီဘီစီ။**

မေ ၂၅ ရက်က အာဖဂန်နစ္စတန်နိုင်ငံသို့ လျှပ်တစ်ပြက်ရောက်ရှိခဲ့သော သမ္မတအိုဘားမားအား တွေ့ရစဉ်။

တောင်ကိုရီးယား သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာ၌ မီးလောင်မှုဖြစ်ပွား၊ ၂၁ ဦးထက်မနည်း သေဆုံး

ဂျန်ဆောင်း မေ ၂၈

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းရှိ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးဂေဟာတစ်ခုတွင် မေ ၂၈ ရက် နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားရာ ၂၁ ဦးထက်မနည်းသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်း၊ သေဆုံးသူအများစုမှာ သက်ကြီးရွယ်အိုလူနာများဖြစ်ကြကြောင်း ရဲတပ်ဖွဲ့နှင့် မီးသတ်ဌာန တာဝန်ရှိသူများက ပြောကြားကြသည်။

မီးလောင်မှုဖြစ်ပွားပြီးနောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာ တာဝန်ရှိသူများက ဝန်ချတောင်းပန်မှု ပြုလုပ်ကြစဉ်။

ဒဏ်ရာရသူများအနက် ခြောက်ဦးမှာ စိုးရိမ်ရသော အခြေအနေတွင်ရှိပြီး သေဆုံးသူဦးရေ တိုးလာနိုင်ဖွယ်ရှိသည်။

ဂျန်ဆောင်းမြို့ရှိ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးဂေဟာ၏ သုံးထပ်တိုးချဲ့ဆောင်တစ်ဆောင်၏ ဒုတိယထပ်တွင် မီးစတင်လောင်ကျွမ်းခဲ့သည်။ ဂျန်ဆောင်းမြို့သည်မြို့တော်ဆိုးလ်တောင်ဘက်ကီလိုမီတာ ၃၀၀ ခန့်အကွာတွင် တည်ရှိသည်။

မိနစ် ၃၀ ခန့်အတွင်း မီးကို ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ ယင်းဂေဟာ၌ ရှိနေသူများမှာ အသက် ၇၀ ကျော်နှင့် ၈၀ ကျော်အရွယ် သက်ကြီးရွယ်အိုလူနာများ ဖြစ်ကြကြောင်း မီးသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သက်ကြီးရွယ်အို သူနာပြုဂေဟာ၌ နေထိုင်သူများမှာ အယ်လ်ဇိုင်းမားရောဂါသည်၊ လေသင်တုန်းရောဂါသည်နှင့် အခြားနာတာရှည်ရောဂါများ ခံစားနေကြရသူများဖြစ်ကြသည်။

မီးလောင်မှုကြောင့် သေဆုံးရသူများတွင် တာဝန်ကျသူနာပြုဆရာမတစ်ဦးလည်း ပါဝင်ကြောင်း၊ ပထမထပ်ရှိ လူနာ ၁၀ ဦးခန့် ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း ဒုတိယထပ်ရှိ လူနာ ၃၀ ခန့်မှာ အဆိပ်အတောက်ရှိ မီးခိုးများ ရှူရှိုက်ရခြင်းနှင့် အောက်ဆီဂျင်ဓာတ်ဆုံးရှုံးရမှုတို့ကြောင့် ဘေးဥပဒ်ကျရောက်ခဲ့ရကြောင်း မီးသတ်ဌာနက ပြောကြားသည်။ **ရိုက်တာ။**

အမေရိကန်ကောင်စစ်ဝန်ရုံးမှ မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံရ

ဟီရတ် မေ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်မြို့၌ အမေရိကန်ကောင်စစ်ဝန်ရုံးမှ မော်တော်ယာဉ်တစ်စီးကို သေနတ်သမားတစ်ဦးက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နိုင်ငံခြားသား လုံခြုံရေးဝန်ထမ်း နှစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကောင်စစ်ဝန်ရုံးမှ မော်တော်ယာဉ်တစ်စီးသည် လေဆိပ်သို့ မောင်းနှင်နေချိန်အတွင်း မော်တော်ဆိုင်ကယ်တစ်စီးပေါ်မှ သေနတ်သမားတစ်ဦးက ယင်းမော်တော်ယာဉ်ကို ဒိုးပစ်လောင်ချာဖြင့် ပစ်ခတ်ခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဘာရှီးအာမက်က ပြောကြားသည်။

ဟီရတ်မြို့ရှိ အိန္ဒိယကောင်စစ်ဝန်ရုံးကို စစ်သွေးကြွများက တိုက်ခိုက်ခဲ့သည့်ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် ငါးရက်အကြာတွင် နောက်ထပ်အကြမ်းဖက် တိုက်ခိုက်မှုဖြစ်ရပ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

တိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာရရှိသူများမည်သည့်နိုင်ငံသားများ ဖြစ်ကြသည်ကို အမေရိကန်ကောင်စစ်ဝန်ရုံးက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ **ရိုက်တာ။**

ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းကို ပြင်သစ်ရဲတပ်ဖွဲ့ ဖယ်ရှားမည်

ပါရီ မေ ၂၈

ပြင်သစ်နိုင်ငံမြောက်ပိုင်း ကာလိုင်းယက်(ခ)မြို့မှ ရဲတပ်ဖွဲ့သည် ဆိပ်ကမ်းအနီး အာရှ၊ အရှေ့အလယ်ပိုင်း နှင့် အာဖရိကတို့မှ ရွှေ့ပြောင်းနေထိုင်သူ ၈၀၀ ခန့် နေထိုင်လျက်ရှိသည့် စခန်းများကို ဖယ်ရှားမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မကြာသေးမီလများအတွင်း၌ နေထိုင်သူဦးရေများပြားလာသော အဆိုပါ စခန်းများတွင် အရေပြား ရောဂါများ ဖြစ်ပွားလာခြင်းကြောင့် ၎င်းတို့ကို နှင်ထုတ်ရန် လိုအပ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

စခန်းများမှ ထွက်ခွာသွားကြရန် သတ်မှတ်ပေးထားသော အချိန်ကုန်ဆုံးသွားပြီးနောက် ယင်းစခန်းများကို ရဲတပ်ဖွဲ့ဝင်များက ဝိုင်းရံထားသည်။

ရွှေ့ပြောင်းနေထိုင်သူများက ဗြိတိန်နိုင်ငံသို့ သွားရန် ကြိုးစားလျက်ရှိကြောင်း၊ စခန်းများ ဖျက်ဆီး၍ ပျက်စီးကုန်လျှင် သွားစရာနေစရာမရှိကြောင်း ရွှေ့ပြောင်းနေထိုင်သူများက ပြောကြားသည်။

ဗုဒ္ဓဟူးနေ့ နံနက်စောစောအချိန်တွင် ရဲတပ်ဖွဲ့ဝင်များသည် ဘတ်စ်ကားများဖြင့် ရောက်ရှိလာကြပြီး လှုပ်ရှားသူများနှင့် ရင်ဆိုင်တွေ့ဆုံလျက်ရှိကြောင်း ဘီဘီစီသတင်းထောက်က ပြောကြားသည်။ **ဘီဘီစီ။**

ပေကျင်းရှိ မြေအောက်ရထားဘူတာရုံများ

လုံခြုံရေး စစ်ဆေးမှု တိုးမြှင့်

ပေကျင်း မေ ၂၈

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ မြေအောက်ရထားဘူတာရုံများ၌ လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိကြောင်း၊ မကြာသေးမီက တရုတ်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီးနောက် အများပြည်သူ လုံခြုံရေးအတွက် အစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ချိုင်းနားဒေးလီးသတင်းစာက ရေးသားဖော်ပြသည်။

ချမှတ်ဆောင်ရွက်

လူဦးရေသန်း ၂၀ နေထိုင်ရာ ပေကျင်းမြို့၌ လူအများစုဝေးရာ မြေအောက်ရထားဘူတာရုံများ လုံခြုံရေးအတွက် လုံခြုံရေးစီမံချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

မကြာသေးမီက တရုတ်နိုင်ငံ ဆင်ကျန်းပြည်နယ် အူရောင်ကီမြို့၌ အကြမ်းဖက်မှု ဖြစ်ပွားခဲ့ရာ ၃၉ ဦး သေဆုံးခဲ့ရပြီး လူ ၉၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ **ပီတီအိုင်။**

မြို့တော်ပေကျင်းရှိ
မြေအောက်ရထားဘူတာရုံတစ်ရုံအနီး
ကင်းလှည့်စောင့်ကြပ်နေသော
ရဲတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

ဝေဖန်၊ သုံးသပ်၊ အကဲဖြတ်မှုရှိမှ အရည်အသွေးကောင်းသည့် မီဒီယာများပေါ်ထွက်

ရန်ကုန် မေ ၂၈

အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လူထုဆက်သွယ်ပြန်ကြားရေးအခန်းကဏ္ဍ တိုးမြှင့်နိုင်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အင်ဒိုနီးရှားအမျိုးသား သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်းစီစဉ်သည့် Indonesia-Myanmar Bilateral Inter-media Dialogue ကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး H.E.Dr. Ito Sumardi က နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီစနစ်တည်တံ့ခိုင်မြဲပြီး တည်ငြိမ်အေးချမ်းမှုရရှိရန် မီဒီယာသည် စတုတ္ထမဏ္ဍိုင်အဖြစ် မရှိမဖြစ်အရေးပါကြောင်း၊ ယနေ့ဆွေးနွေးချက်များမှ နှစ်နိုင်ငံအကြား အပြန်အလှန်သင်ခန်းစာယူစရာများ ရရှိနိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံ၏ အနာဂတ်မီဒီယာဖွံ့ဖြိုးရေးအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယနေ့ကျင်းပသော မီဒီယာဆွေးနွေးပွဲ၌ နိုင်ငံတည်ဆောက်ရေးတွင် မီဒီယာ၏တာဝန်ရှိမှု၊ ပဋိပက္ခဖြေရှင်းရာတွင် မီဒီယာသတင်းရယူမှုနှင့် ဒီမိုကရေစီ အသိုင်းအဝိုင်းတွင် သတင်းလွတ်လပ်မှုအပေါ် စည်းစနစ်တကျ ထိန်းညှိခြင်းဟူသည့် အပိုင်းသုံးပိုင်းဖြင့် အင်ဒိုနီးရှားနှင့်မြန်မာ သတင်းမီဒီယာသမားများက အပြန်အလှန် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်**(အပေါ်ယာပုံ)**က "အင်ဒိုနီးရှားမှာ ပြုပြင်ပြောင်းလဲမှုတွေ စလုပ်တုန်းက မစဉ်းစားခဲ့တဲ့ ပြဿနာတွေရှိတယ်။ မီဒီယာလက်ဝါးကြီးအုပ်မှုဖြစ်ပါတယ်။ အခုအင်ဒိုနီးရှားမှာမီဒီယာကုမ္ပဏီလေးငါးခုကပဲ ချုပ်ကိုင်ထားတဲ့ သဘောဖြစ်နေတယ်။ ပရိသတ်တွေ အနေနဲ့ ကွဲပြားခြားနားတဲ့သတင်းအချက်အလက်တွေကို ရရှိနိုင်ဖို့ နည်းသွားတာပေါ့။ မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းဟာ တစ်ရက်တစ်မနက်တည်းနဲ့ လုပ်လို့ရတဲ့ အရာမဟုတ်ပါဘူး။ ဥပဒေတစ်ခု ပြဋ္ဌာန်းလိုက်ရုံနဲ့လည်း ပြည့်စုံလုံလောက်သွားတာမဟုတ်ပါဘူး။ ဘယ်လောက်ပဲစိန်ခေါ်မှုတွေရှိရှိ၊ အခက်အခဲတွေရှိရှိ ကျွန်တော်တို့ရအောင်ကျော်လွှားသွားပါမယ်။ ဒီလိုကျော်လွှားတဲ့အခါမှာ ကျွန်တော်တို့တစ်တွေချည်းလုပ်လို့မရပါဘူး။ စာနယ်ဇင်းလောကသားတွေလည်း ပါဝင်ရပါမယ်။ တစ်ဖက်က စားသုံးသူလို့ ပြောလို့ရတဲ့ပြည်သူတွေက ကျွန်တော်တို့အစိုးရ မီဒီယာတွေကိုကော၊

ပုဂ္ဂလိကမီဒီယာတွေကိုကော ဝေဖန်၊ သုံးသပ်၊အကဲဖြတ်ပေးရပါမယ်။ သူတို့ရဲ့ အကဲဖြတ်မှုရှိမှလည်း ပိုပြီးတော့ အရည်အသွေးကောင်းတဲ့မီဒီယာတွေ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်"ဟု ယနေ့ပြုလုပ်သည့် Indonesia-Myanmar Bilateral Inter-media Dialogue နှင့်ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို ဒုတိယနေ့အဖြစ် မေ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် မတ်လကလည်း အမေရိကန်နိုင်ငံအခြေစိုက် East-West Center (EWC) မှစီစဉ်သော "စာနယ်ဇင်း လွတ်လပ်ခွင့်အတွက် စိန်ခေါ်မှုများ"ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာသတင်းမီဒီယာညီလာခံတစ်ခုကို လက်ခံကျင်းပခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးထပ်ဆင့်ရှင်းလင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၁၃ခုနှစ် (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးထပ်ဆင့်ရှင်းလင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ငွေးက အဖွင့်အမှာစကားပြောကြားပြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ရွာသာကြီးရပ်ကွက်ရှိ မြတ်နိုးရိပ် မူကြိုကျောင်းအား အသင်းပိုင်အဖြစ် လှူဒါန်းပေးအပ်ခဲ့သည့် ဦးထွန်းထွန်း- ဒေါ်သီတာလွင်တို့အား လည်းကောင်း၊ ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းအား အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းခဲ့သည့် ဗိုလ်မင်းဗိုလ်ဆောက်လုပ်ရေးကုမ္ပဏီအား လည်းကောင်း မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ဆက်လက်၍ တာဝန်ရှိသူများက ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်ချိုဝင်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ၂၀၁၃ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကိုလည်းကောင်း၊ အစည်းအဝေးတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်စွဲ့ခင်မာဝင်းက လည်းကောင်း ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်များနှင့် အလှူငွေပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်သည် မေ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ ယဉ်ကျေးမှုပြတိုက်နှင့်စာကြည့်တိုက်၌ ဖွင့်လှစ်သည့် စာကြည့်တိုက်သင်တန်းသို့ တက်ရောက်လျက်ရှိသော သင်တန်းသားသင်တန်းသူများ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများတွင် ပါဝင်ခဲ့ကြသည့် Cheer Girls နှင့် မိဘများကို ပညာရေးနှင့် ဝတ်စားဆင်ယင်မှုဆိုင်ရာ ယဉ်ကျေးမှုရေးရာများ ဆွေးနွေးပြောကြားသည်။

ထို့နောက် အသင်းနာယကသည် ဘားအံမြို့နယ် ဘားကပ်ကျေးရွာစာကြည့်တိုက်၊ ရသေ့ပုံကျေးရွာစာကြည့်တိုက်နှင့် အောင်ကမြိုင်ကျေးရွာစာကြည့်တိုက်များသို့ ငွေကျပ် ၁၅၀၀၀၀၊ သုတ၊ ရသစာအုပ်အသစ်အုပ် ၃၀၀၊ သတင်းစာနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ ဘာသာဗေဒအသင်း ညီလာခံကျင်းပ

ရန်ကုန် မေ ၂၈

ပညာရေးဝန်ကြီးဌာနနှင့် ဗြိတိန်နိုင်ငံ လန်ဒန်တက္ကသိုလ်တို့ ပူးပေါင်းလျက် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှဘာသာဗေဒအသင်းညီလာခံ (24th Meeting of the Southeast Asian Linguistics Society)ကို ရန်ကုန်မြို့ ပြည်လမ်းရှိ အင်္ဂလိပ်ဘာသာစကားအမျိုးသားဗဟိုဌာနတွင် မေ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပလျက်ရှိသည်။

အဆိုပါညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ကျော်မှ ဘာသာဗေဒသုတေသီပညာရှင် ၁၂၀ ခန့်နှင့် မြန်မာပညာရှင် ၈၀ ခန့်တက်ရောက်ကြပြီး အရှေ့တောင်အာရှ ဘာသာဗေဒဆိုင်ရာ စာတမ်းပေါင်း ၁၀၀ ကျော်ဖတ်ကြားကြသည်။ အဆိုပါစာတမ်းများတွင် အရှေ့တောင်အာရှနိုင်ငံများ၏ ဘာသာစကားများ၊ မြန်မာ၊ မွန်၊ခမာ၊ တိဗက်၊ ကရင်၊ ချင်း၊ Himalayan Languages များ၏ သမိုင်းကြောင်း၊ ဝါကျဖွဲ့စည်းပုံ၊ အသံဖွဲ့စည်းပုံတို့ကို Socio-Linguistics နှင့် Historical Linguistics အမြင်တို့ဖြင့် တင်ပြခြင်း၊ အရှေ့တောင်အာရှ ဘာသာစကားမူဝါဒများကို ညှိနှိုင်းခြင်းတို့အပြင် ဘာသာစကားဆိုင်ရာ နောက်ဆုံးပေါ် ICT ပစ္စည်းများ၊ နည်းစနစ်များကို တင်ပြဆွေးနွေးကြသည်။

အရှေ့တောင်အာရှ ဘာသာဗေဒအသင်းညီလာခံကို နှစ်စဉ် အရှေ့တောင်အာရှနိုင်ငံများတွင် အလှည့်ကျကျင်းပလျက်ရှိပြီး နှစ်ပေါင်း ၃၀ ခန့်အကြာ ယခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်များမှ ဘာသာဗေဒ (Linguistics) သင်ကြားသော ဆရာ ဆရာမများအနေဖြင့် ဖြစ်ပေါ်တိုးတက်လျက်ရှိသော ဘာသာဗေဒဆိုင်ရာ ဗဟုသုတများ လေ့လာသိရှိခွင့်ရရှိကြသဖြင့် ကျေနပ်အားရလျက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူလတန်းဆရာ အတတ်ပညာ သင်တန်းဆင်း

ဖျာပုံ မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် နေ့စားလပေးဆရာ ဆရာမများ မူလတန်းဆရာအတတ်ပညာ သင်တန်းဆင်းပွဲကို မေ ၂၃ ရက် မွန်းလွဲ ၁ နာရီက ဖျာပုံမြို့ရှိ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံများ၊ ဖိတ်ကြား ထားသူများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သပြေထွန်း)

၁၄-၅-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ-၂၂ ၌ ဒေါ်အေးအေး၊ ဒေါ်ခင်တင့်နှင့် ဒေါ်အိအိလွင်တို့၏ ဦးတင်ဝင်း[၁၄/မအပ(နိုင်)၁၃၁၆၂၄] (ချမ်းသာပြည့်စုံဆောက်လုပ်ရေး)အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်၍ခုခံချေပရှင်းလင်းခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊ အမှတ်(၃)ရပ်ကွက်ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်-၂၅၊ အကျယ်အားဖြင့်ပေ (၃၅×၇၀) အကျယ်ရှိ မြေကွက်ပေါ်တွင် (၂)ခန်းတွဲ RC(၆)ထပ်တိုက်ဆောက်လုပ်ရန် ဒေါ်အေး အေး၊ ဒေါ်ခင်တင့်၊ ဒေါ်အိအိလွင်တို့က ကျွန်ုပ်၏မိတ်ဆွေထံ တရားဝင်ကမ်းလှမ်းခဲ့ပါသည်။ ထို့နောက်ကျွန်ုပ်၏မိတ်ဆွေနှင့်မြေရှင်သုံးဦးတို့ နောက်ဆုံးသဘောတူညီချက်များရယူပြီး ၁၄-၅-၂၀၁၃ရက်စွဲပါ အခန်းပေးအခန်းယူစနစ်ဖြင့် တိုက်သစ်ဆောက်လုပ်ခြင်းစာချုပ်ကို အောင်မြင်စွာ ကန်ထရိုက်ဦးတင်ဝင်းထံ၌ ချုပ်ဆိုခဲ့ကြပါသည်။ စာချုပ်ချုပ်ဆိုသည့် ၁၄-၅-၂၀၁၃ရက်မှယနေ့ အထိ ကျွန်ုပ်၏မိတ်ဆွေကန်ထရိုက်တာသည် မိမိချုပ်ဆိုသောစာချုပ်ပါ စည်းကမ်းချက်များအပေါ် ပျက်ကွက်ခြင်းလုံးဝမရှိပါ။ မြေရှင်(၃)ဦးက ကျွန်ုပ်၏မိတ်ဆွေထံ GP လွှဲပေးရန် စာချုပ်စည်းကမ်း တွင်ပါဝင်သော်လည်း ယနေ့တိုင် GP လွှဲစာလွှဲအပ်ပေးခြင်းမရှိပါ။ ထို့ပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၌ မြေရှင်(၃)ဦး၏ အမည်ပေါက်ရရှိရန် ကန်ထရိုက်တာကဆောင်ရွက်ပေးရန် စာချုပ်စည်းကမ်း၌ မပါဝင်ပါ။ မြေရှင်များသည် အမည်ပြောင်း ဆောင်ရွက်ရာ၌ နိုင်ငံတော် သို့ ကျသင့်သောအခွန်ငွေများကို မပျက်မကွက်ပေးဆောင်ရမည်ဖြစ်ပါသည်။ သို့အတွက် ဝင်ငွေခွန်များ ပေးဆောင်ခြင်းမပြုဘဲ အမည်ပြောင်းလျှောက်ထား၍မရပါ။ ယခုစာချုပ်ချုပ်ဆိုသည့်အချိန်မှစ၍ ယနေ့ထိ တိုက်တည်ဆောက်ရေးလုပ်ငန်းများကို လုံးဝစတင်နိုင်ခြင်းမရှိသေးသည်မှာ မြေရှင်များ၏ပျက်ကွက်မှုကြောင့်သာလျှင်ဖြစ်ပါကြောင်းနှင့် စာချုပ်ပါစည်းကမ်းချက်များကို ကန်ထရိုက်တာဘက်မှ ယနေ့အချိန်ထိ တစ်ချက်မျှပျက်ကွက်ခြင်းမရှိသေးပါကြောင်း ပြန်လည်၍ ခုခံချေပရှင်းလင်းအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ဝင်း	ဦးနေဝင်း(တရားလွှတ်တော်ရှေ့နေ)
[၁၄/မအပ(နိုင်)၁၃၁၆၂၄)	တိုက်(၅)၊ အခန်း(၆)၊ (၁၁)လမ်း၊
(ချမ်းသာပြည့်စုံဆောက်လုပ်ရေး)	ဘုရင့်နောင်အိမ်ရာ၊ (၃)ရပ်ကွက်၊
	လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

နတ်မတောင်ဆီဖိတ်ခေါ်မည်

မျိုးမြင့်သန်း(မန်းစက်မြေ)

မြန်မာနိုင်ငံသည်စေတီပုထိုးများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အံ့မခန်းအောင် လှပလွန်းသည့်သဘာဝသယံဇာတများကြောင့် လူသိများ ထင်ရှားသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။နိုင်ငံခြားသား ဧည့်သည်များအတွက် လည်ပတ်လေ့လာဖွယ်ရာများပေါကြွယ်ဝခြင်းနှင့် နိုင်ငံတော်အစိုးရ၏ ထင်ရှားသော ပြုပြင်ပြောင်းလဲမှုများကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှာ ၂၀၁၂ ခုနှစ်မှစ၍ သိသိသာသာတိုးတက်မှုရှိလာခဲ့သည်မှာလည်း အားလုံးအသိပင်ဖြစ်ပါသည်။

ခရီးသွားအစီအစဉ်အမျိုးမျိုးရှိသည့်အနက် မြန်မာနိုင်ငံတွင် ခရီးသည်ကြိုက်နှစ်သက်မှုရှိသော ခရီးသွားလုပ်ငန်းအမျိုးအစားတစ်ခုဖြစ်သည့် သဘာဝကို အခြေခံသောခရီးသွားလုပ်ငန်း Ecologically Based Tourism (Ecotourism)ကို ၁၉၉၈ ခုနှစ်ကပင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism) ဆိုသည်မှာ **"သဘာဝအရတည်ရှိနေသော ဒေသများသို့ ယင်းဒေသ၏ ထိန်းသိမ်းရေးအတွက်နှင့် ဒေသခံတို့၏ သာယာဝပြောရေးအတွက် တာဝန်သိစွာသွားသော ခရီးစဉ်ဖြစ်သည်"**ဟု နိုင်ငံတကာသဘာဝအခြေခံ ခရီးသွားလုပ်ငန်းအဖွဲ့ (The International Ecotourism Society) မှ အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။

မြန်မာနိုင်ငံတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်း တိုးတက်လာစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ခရီးသွားစခန်း ၂၁ ခု သတ်မှတ်ထားသည့်အနက် ချင်းပြည်နယ်မှ နတ်မတောင်အမျိုးသားဥယျာဉ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

နတ်မတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၀၅၀၀ ပေမြင့်သည်။တောင်ကုန်း တောင်တန်းများ ထူထပ်စွာတည်ရှိပြီး မြစ်သာမြစ်၊ လယ်မျိုမြစ်၊မုန်းချောင်း၊မောချောင်း၊ယောချောင်းတို့၏ အဓိကရေဝေဒေသကြီးဖြစ်ပါသည်။နတ်မတောင်သည် အရှေ့တောင်အာရှတွင် မြေသားဖုံးလွှမ်းသော အမြင့်ဆုံးတောင်အဖြစ် ထူးခြားပါသည်။ မြေများမှာပွ၍ ကြေမွလွယ်ပြီး ရေတိုက်စားမှုကြောင့် မြေပြိုခြင်းများ မကြာခဏဖြစ်ပေါ်စေပါသည်။

နတ်မတောင်အမျိုးသားဥယျာဉ်သည် ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင်အတွင်းရှိ ကန်ပက်လက်၊ မင်းတပ်၊ မတူပီမြို့နယ်များအတွင်း ကျရောက်တည်ရှိပါသည်။ ခန့်မှန်းမြေပုံအညွှန်း မြောက်လတ္တီတွဒ် (EU-966197 နှင့် EV-570050) (EV-470000 နှင့် FU-075390) အကြားတို့တွင် အကျယ်အဝန်း ၁၇၆၃၀၀ ဧကရှိပြီး ကန်ပက်လက်မြို့နယ်တွင် ၂၉၅၃၀ ဧက၊ မင်းတပ်မြို့နယ်တွင် ၁၃၃၉၇၀ ဧက၊ မတူပီမြို့နယ်တွင် ၁၂၈၀၀ ဧက ဖြစ်ပါသည်။ နတ်မတောင်၏ အမည်ကို ဒေသခံတို့က ခေါ်နုသုမ်၊ ဒေနုမထုမ် စသည်ဖြင့် ခေါ်ဝေါ်ကြပါသည်။ ကိုလိုနီခေတ်က ဝိတိုရိယတောင် ဟုလည်း အမည်ပေးခဲ့သေးပေသည်။

နတ်မတောင်အမျိုးသားဥယျာဉ်သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်ခြင်းမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင် မျှတစွာရေရှည်တည်တံ့စေရန်ရည်ရွယ်ကာ ၁၉၃၆ ခုနှစ်မှစတင်၍ သစ်တောဥပဒေ(၁၉)အရ ဥတုထိန်းကြိုးဝိုင်းအဖြစ် ဖွဲ့စည်းကာကွယ် ထိန်းသိမ်းခဲ့ပါသည်။ ၁၉၉၄ ခုနှစ် ကန်ပက်လက်မြို့တွင် အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်၍ ဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၇ ခုနှစ်၊ဇူလိုင် ၂၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၀/၉၇)ဖြင့် အမျိုးသားဥယျာဉ်အဖြစ် ရည်ရွယ်ကြောင်းကြေညာခဲ့ပြီး ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၁၆၄/၂၀၁၀) ဖြင့် အတည်ပြုသတ်မှတ်ခဲ့ပါသည်။၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် အာဆီယံအမွေအနှစ်ဒေသများအဖြစ် တိုးမြှင့်သတ်မှတ်ထားပြီး ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့သဘာဝအမွေအနှစ်ဥယျာဉ်အဖြစ် ဦးစားပေးအဆင့် (၁) တွင် အဆိုပြုသတ်မှတ်ထားပါသည်။

တောင်ပေါ်ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စွာ ထိန်းသိမ်းကာကွယ်ရန်၊ နိုင်ငံ၏ အရေးကြီးသောရေဝေဒေသကို အချိန်မီထိန်းသိမ်းကာကွယ်ရန်၊ အမျိုးသားဥယျာဉ်တည်ထောင်ခြင်းဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်လာစေရန်၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေရရှိလာစေရန် ရည်ရွယ်ချက်များချမှတ်ကာ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းတောင်ပေါ်အမြဲစိမ်းတော (Hill Evergreen Forest)၊ တောင်ပေါ်ထင်းရှူးတော(Pine Forest)၊တောင်ပေါ်မြက်ခင်းတော (Hill Savannah / Meadows) ဟူ၍ တောအမျိုးအစား(၃)မျိုးကို တွေ့ရပါသည်။

ပေါက်ရောက်ပင်များမှာ ဝက်သစ်ချ မျိုးနွယ်များ၊ သစ်အယ်မျိုးများ၊မိုင်းဘော၊တောင်ဇလပ်၊ ထင်းရှူး၊ မကောက်၊ မျောက်ငို၊ သစ်ကြံပိုး၊ ကရဝေး၊ ဘုံမဲဇာ၊ သဖန်း၊ ကတွတ်၊ ကျောက်ထင်းရှူး၊ ချယ်ရီ၊ တောင်ပိန်းနဲ၊ ထောက်ကြံ့စသည့် အမြဲစိမ်းတောတွင် ပေါက်ရောက်သည့်အပင်မျိုးစိတ်ပေါင်း ၁၀၀၀ ကျော် လေ့လာစာရင်းကောက်ယူပြီး ဖြစ်ပါသည်။ သိပ္ပံပညာရှင်များ၏ ခန့်မှန်းလေ့လာမှုအရ အပင်မျိုးစိတ်ပေါင်း ၂၅၀၀ ခန့်ရှိကြောင်း သိရှိရပါသည်။ နတ်မတောင်အမျိုးသားဥယျာဉ်တွင်သာ တွေ့ရှိရသည့်ဒေသရင်းမျိုးစိတ်(Endemic Species) လေးမျိုးမှာ တောင်ဇလပ်ဝါ(Rhododendron burmanicum)၊ တောင်ဇလပ်ဖြူ (Rhododendron caffeanum)၊ ပိုတင်တီလာ (Potentilla montisvictoriae)၊မြေကပ်ပန်း(Roscuoea australis)ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

နတ်မတောင်အမျိုးသားဥယျာဉ်အတွင်းနှင့် ဆက်စပ်ဒေသများအတွင်း ပြောင်၊တောဆိတ်၊ တောခွေး၊ မျောက်လွှဲကျော်၊ မျောက်မျိုးများ၊ ချေ၊ ဆတ်၊ တောဝက်၊ ခွေးအ၊ ကျားသစ်၊ အင်းကျား၊ သစ်ကြောင်၊ကြောင်ကတိုး၊ ဝံကြောင်၊ သင်းခွေချပ် စသည့် နို့တိုက်သတ္တဝါများကို တွေ့ရှိရပါသည်။ ကွင်းဆင်းလေ့လာမှု မှတ်တမ်းများအရ နို့တိုက်သတ္တဝါမျိုးစိတ် ၃၄ မျိုး၊ အခွံမာပိုးကောင် မျိုးစိတ် ၃၅ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၁၀၆ မျိုး၊ ငှက်မျိုးစိတ် ၃၀၀ ၊ လိပ်ပြာမျိုးစိတ် ၇၇ မျိုးရှိပြီး မျက်ခုံးဖြူငှက်ပြာခြောက် (Sitta victoriae) ငှက်မျိုးသည် မြန်မာနိုင်ငံတွင်သာတွေ့ရှိရသည့် ဒေသရင်းမျိုးစိတ်ဖြစ်ပြီး ငှက်ဝါသနာရှင်များ အထူးစိတ်ဝင်စားလေ့လာခြင်းကိုခံရသည့် မျိုးစိတ်ဖြစ်ပါသည်။

နတ်မတောင်အမျိုးသားဥယျာဉ်အတွင်း သဘာဝတောင်ပေါ်ဒေသရှုခင်းအလှများအား လေ့လာခံစားအပန်းဖြေနိုင်ခြင်း၊အမြင့်ပေ ၁၀၅၀၀ ပေရှိ ဝိတိုရိယတောင်ထိပ်သို့ တောလမ်းအတိုင်း၃ ဒသမ ၅ မိုင်ခရီး ခြေလျင်ခရီး တောင်တက်လေ့လာအပန်းဖြေနိုင်ခြင်း၊ နတ်မတောင်တွင်သာ တွေ့ရှိ ရသည့် မျက်ခုံးဖြူငှက်ပြာခြောက်မျိုးနှင့်အတူ ဒေသငှက်မျိုးများအား လေ့လာနိုင်ခြင်း၊ ဒေသရင်း သစ်ခွမျိုးများအား လေ့လာနိုင်ရန် (Orchid tour)အဖြစ် လာရောက်လေ့လာနိုင်ခြင်း၊ တောင်ပေါ် မြက်ခင်းတောနှင့် တောင်ဇလပ်ပန်းများ၏ ထူးခြားသည့်သဘာဝအလှများကို ခံစားနိုင်ခြင်း၊ နတ်မတောင်အမျိုးသားဥယျာဉ်အတွင်းရှိ ထပ်ရှိကျေးရွာ၊ဥယျာဉ်အနီးကျေးရွာများဖြစ်သည့်လှလောင်ပန်းကျေးရွာ၊ အုတ်ဖိုကျေးရွာ၊ မကျောက်အား ကျေးရွာများတွင် ဒေသခံ ချင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊နေ့စဉ် လူနေမှုဘဝများကို လေ့လာနိုင်ခြင်းများကလည်း ပြည်တွင်းပြည်ပ ဧည့်သည်များအား ဆွဲဆောင်နိုင်စွမ်းများ ဖြစ်ပါသည်။

အပျော်နှင့် ဗဟုသုတအတွက် တောင်တက်သူများက ကန်ပက်လက်မှ တက်သောလမ်းကို ရွေးကြသည်။ထိုဘက်လမ်းက သက်သာလွယ်ကူသောကြောင့် ဖြစ်ပေသည်။ကန်ပက်လက်မြို့သို့သွားသည်။ထိုမှ ပေရှစ်ထောင် စခန်းထောက်သို့ ကားနှင့်ပင် တက်ကြသည်။ နတ်မတောင်ထိပ်သို့အရောက် လမ်းလျှောက်တက်ရသော တောင်တက်ခရီးက ပေနှစ်ထောင်ကျော်သာ ရှိတော့ပြီး လမ်းကလည်း ပြေသည်။ လမ်းလျှောက်တက်ရန်အတွက် လမ်းအူကြောင်းလည်းရှိပြီး သက်သာသည်။ အခက်အခဲ မရှိပါ။ တောင်တက်သမားများကမူ မင်းတပ်ဘက်မှ ချီချောင်း၊အေးစခန်းတို့မှ တောင်တက်သမား သုံးသည့် လမ်းအတိုင်း နတ်မတောင်ထိပ်သို့ တက်ကြသည်သာဖြစ်၏။ စာရေးသူဖတ်မှတ်မိဖူးသမျှ ဆိုရသော် ခြေလျင်တောင်တက်အသင်းကြီးသည် တစ်ချိန်ကဆိုလျှင် သူ့အဖွဲ့ဝင်များကို ထိုမင်းတပ်၊ အေးစခန်းဘက်မှ ခြေကျင်တက်မှသာ နတ်မတောင်တက်ခြင်းကို အောင်မြင်သည်ဟု အသိအမှတ်ပြုကြောင်း မှတ်သားခဲ့ဖူးပေသည်။

နတ်မတောင် အမျိုးသားဥယျာဉ်အတွင်းရှိ ထပ်ရှိကျေးရွာ၊ ဥယျာဉ်အနီးကျေးရွာများဖြစ်သည့် လှလောင်ပန်းကျေးရွာ၊ အုတ်ဖိုကျေးရွာ၊ မကျောက်အား ကျေးရွာများတွင် ဒေသခံ ချင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ နေ့စဉ် လူနေမှုဘဝများကို လေ့လာနိုင်ခြင်းများကလည်း ပြည်တွင်းပြည်ပ ဧည့်သည်များအား ဆွဲဆောင်နိုင်

မြန်မာနိုင်ငံတွင် လက်ရှိအနေဖြင့် နိုင်ငံခြားသားဧည့်သည်များ စိတ်ပါဝင်စားသည့် ခရီးစဉ်ဒေသများအနက် ပုဂံညောင်ဦးဒေသခရီးစဉ်မှာ အထူးထင်ရှားလှပါသည်။ နတ်မတောင်နှင့် အနီးဆုံးဖြစ်သည့် ကန်ပက်လက်မြို့နယ်မှာ ပုဂံညောင်ဦးမှ ၁၀၃ မိုင်ခန့်သာ ကွာဝေးပါသည်။ကားလမ်းများ ကောင်းမွန်ပြီး ယာဉ်မောင်းချိန် ငါးနာရီခန့်သာရှိပါသည်။ ကန်ပက်လက်မြို့နှင့် ၃၇ မိုင်ခန့်အကွာ မင်းတပ်မြို့မှ နတ်မတောင်ဘက်သို့ လာရောက်သူများလည်းရှိပါသည်။နတ်မတောင်သို့ နိုင်ငံခြားသား ဧည့်သည်ဝင်ရောက်မှုအား ခွင့်ပြုချက်တင်ပြရန်မလိုဘဲ ၁၅-၁-၂၀၁၃ ရက်နေ့မှစ၍ လွတ်လပ်စွာ သွားရောက်နိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ခွင့်ပြုခဲ့သဖြင့် နတ်မတောင်သို့ ၂၀၁၃ ခုနှစ် အတွင်း ခရီးသည်ဝင်ရောက်မှုမှာ ၁၁၆၀ ဦးထိ တိုးတက်ဝင်ရောက်ခဲ့ပါသည်။

ကန်ပက်လက်မြို့တွင် နိုင်ငံခြားသားဧည့်သည်တည်းခိုနိုင်မည့် ဟိုတယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်ရန် စီစဉ်နေဆဲဟိုတယ်သုံးလုံး၊ အိပ်ခန်း ၅၃ ခန်းရှိပါသည်။ ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အဆင့်မီ အိပ်ခန်းလုံလောက်မှုရှိစေရေးအတွက် ဟိုတယ်ဇုန်နှစ်ခုအား စတင်အကောင်အထည်ဖော်လျက်ရှိပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့်လည်း စတင်တိုးတက်မှုရှိလာပြီ ဖြစ်သည့် နတ်မတောင် အမျိုးသားဥယျာဉ်သို့ လာရောက်သည့် နိုင်ငံခြားသားဧည့်သည်များ အမှတ်တရ လက်မှတ်ရေးထိုးခြင်း (Graffiti) ပြုလုပ်နိုင်ရေး၊ ၎င်းတို့၏ ဆန္ဒအရ တောင်တက်ခြင်း၊ တောတွင်းလမ်းလျှောက်ခြင်းခရီးစဉ်များ ပြုလုပ်နိုင်ရေး ပတ်ဝန်းကျင်သဘာဝအလှအပများကို ကြည့်ရှုခံစားရင်းဗီဒီယို၊ ဓာတ်ပုံမှတ်တမ်းတင်နိုင်ရန် (Viewing Deck)အကောင်အထည်ဖော်နိုင်ရေး၊ နတ်မတောင်ဒေသနှင့် ပတ်သက်သည့် သဘာဝအမွေအနှစ်၊ယဉ်ကျေးမှုအမွေအနှစ်၊ ဒေသဆိုင်ရာ ရိုးရာဓလေ့ထုံးစံနှင့် ပတ်သက်သည်များ၊ လမ်းပြမြေပုံများ ပါဝင်ပြသထားသည့် Education Museum အား ကန်ပုလဲရှိ သစ်တောဦးစီးဌာနနေရာတွင် စီစဉ်ရန်ဌာနဆိုင်ရာမှ ဘတ်ဂျက်အခက်အခဲရှိ၍ ယာယီအားဖြင့် ဟိုတယ်တစ်ခု၏ ဧည့်ခန်းမဆောင်၌ အခန်းဖွဲ့၍ မှန်ကောင်တာများဖြင့် ပြသနိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့်အတူ ညှိနှိုင်းစီစဉ် ဆောင်ရွက်ထားပါသည်။

နတ်မတောင် ခရီးစဉ်ဒေသလုပ်ငန်းနယ်ပယ်အတွင်း ဒေသခံလူငယ်မောင်မယ်များ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိသကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးပါ အထောက်အကူပြုမည်ဖြစ်သဖြင့် ယင်းလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှဦးစီး၍ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အခြေခံ သင်တန်း၊ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်းများ အား ချင်းပြည်နယ် ကန်ပက်လက်မြို့တွင် မကြာမီရက်ပိုင်းအတွင်း စတင်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။မင်းတပ်မြို့တွင်လည်း အဆိုပါသင်တန်းများ ဆက်လက် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

ခြုံငုံသုံးသပ်တင်ပြရပါလျှင် ပုဂံညောင်ဦးခရီးစဉ်ဒေသနှင့်အတူ တစ်ဆက်တစ်စပ်တည်း ဖြစ်သည့် ချင်းပြည်နယ်မှ နတ်မတောင်အမျိုးသားဥယျာဉ်ထိန်းသိမ်းရေးနယ်မြေသည် သဘာဝအနေအထားများ ထိခိုက်မှုမရှိသေးသည့်တောင်ပေါ်ဂေဟစနစ်များနှင့် သဘာဝအလှရှုခင်းများမှာ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုတစ်ခုအဖြစ် တည်ရှိနေပြီး ယင်းခရီးစဉ်ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့်အတူ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ အားလုံး ပူးပေါင်းကြိုးပမ်းဆောင်ရွက်ထားပြီးဖြစ်သဖြင့် နတ်မတောင်ဆီသို့ တစ်ခေါက်တစ်ခါ အရောက်လာပါရန် ပြည်တွင်းပြည်ပဧည့်သည်များအား ရင်းနှီးလှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။ ။

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

[illegible]

ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ ဖားအောက်ကျေးရွာ၊ အထကကော့ခမယ်မှ နဝမတန်းအောင် မရတနာဦးနှင့် ဆဋ္ဌမတန်းအောင် မအိဝတ်မှုံတို့၏ ဖခင်အမည်မှန်မှာ ဦးကြည်ဝင်း[၁၀/မလမ(နိုင်)၁၈၆၈၂၅]ဖြစ်ပါကြောင်း။
ဦးကြည်ဝင်း

သွေးသည် အသက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၉၅)ပေါ်တွင် မြေရှင်ဦးတင်ဝင်းနှင့် ကန်ထရိုက်တာဦးကြည်ဝင်းတို့ အကျိုးတူဆောက်လုပ်ထားသော အကျယ်အဝန်းပေ(၂၃×၄၀)ရှိ မြေညီထပ်နှင့် ရေ၊ မီးအပါအဝင် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ၂၃-၅-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃) ကြော်ငြာပါ ကန့်ကွက်နိုင်ပါသည်ကြော်ငြာအား ကန့်ကွက်ပါကြောင်း
အများသိစေရန်ကြော်ငြာခြင်း

အထက်ပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့သည် မြေရှင်ဖြစ်သူကျွန်တော် ဦးတင်ဝင်း[၁၂/မရက(နိုင်)၀၂၂၄၂၇]မှ တရားဝင်လက်ရှိပိုင်ဆိုင်လျက်ရှိသော ပစ္စည်းများဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအား ယောက်ဖဖြစ်သူ ဦးညီညီလွင်[၁၂/မရက(နိုင်)၀၀၇၈၂၄] အား အကျိုးဆောင်ခရရှိစေရန်အတွက် အရောင်းအဝယ်ဆောင်ရွက်စေခြင်းဖြစ်ပါသည်။ မြေရှင်ကျွန်တော်ဦးတင်ဝင်းကိုယ်တိုင်မသိရှိဘဲ ကျွန်တော်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ဦးညီညီလွင်မှ အထက်ပါတိုက်ခန်းရောင်းချခြင်းအား ကန့်ကွက်ပါသည်။ မြေရှင်ဖြစ်သူကျွန်တော်ဦးတင်ဝင်းမှ အထက်ဖော်ပြပါတိုက်ခန်းရောင်းချခြင်းကို ကန့်ကွက်ပါကြောင်း ဦးညီညီလွင်နှင့် အများသိစေရန်ကြေညာပါသည်။
ဦးတင်ဝင်း[၁၂/မရက(နိုင်)၀၂၂၄၂၇](မြေနှင့်တိုက်ခန်းပိုင်ရှင်)
ဖုန်း-၀၉-၄၂၀၇၂၇၉၉၉

မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
၂/၂၀၁၄-၂၀၁၅ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသား
ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-
(က) ရောင်းချမည့်ရက်နှင့်အချိန် - ၁၈-၆-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀နာရီ
(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန်- ကျွန်းသစ်လုံး(၄၇)တန်၊ သစ်မာသစ်လုံး(၇၀၉၄)တန်၊ (ပိတောက်သစ်လုံး တန်-၁၅၀ ပါဝင်သည်)
- သစ်မာခွဲသား(၉၇)တန်(ပိတောက်/တမလန်းခွဲသား)
- ပုံစံ(၈)၊ ကျွန်းခွဲသား (၄၅)တန်
(ဂ) ရောင်းချမည့်နေရာ - အမှတ်(၁၀၃)၊ သစ်စက်ရှင်းလင်းဆောင် မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး
၂။ သစ်လုံးဈေးပြိုင်လေလံနှင့် ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။ ဈေးပြိုင်လေလံကျင်းပရေးကော်မတီ
ပြည်တွင်းရောင်း/စက်

✳ ပြည်သူ့လွှတ်တော်မှ

ထို့အပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်မှလည်း အလုပ်များစွာဖြင့် ကိုယ်စားလှယ်ကြီးများကို စောင့်ကြိုလျက်ရှိပါကြောင်း၊ အလုပ်တော်တော်များများ ရှိနေသည့်အတွက် အချိန်မီစနစ်တကျပြီးစီးသွားရန် ကိုယ်စားလှယ်ကြီးများ၏ ကျန်းမာရေးနှင့်စိတ်ချမ်းသာပျော်ရွှင်ရရှိကြပါစေကြောင်း၊ ကိုယ်စားလှယ်အချင်းချင်း၊ အခြားမည်သည့်အဖွဲ့အစည်းများ၊ ပြည်သူများ၊ မီဒီယာများနှင့်တွေ့ထိဆက်ဆံပြောဆိုလုပ်ဆောင်ကြရာ၌ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ နားလည်မှုရှိခြင်းတို့ကို စိတ်ကောင်းစေတနာနှင့် ယှဉ်တွဲဆောင်ရွက်နိုင်ကြပါစေကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားရေးပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးတို့သည် မဖြစ်မနေဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်ဖြစ်၍ ပြည်သူ့ကိုယ်စားလှယ်များက ဤကိစ္စကိုအလေးထားပြီး ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ကြပါစေကြောင်း ပန်ကြားတိုက်တွန်းပါကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ အစည်းအဝေး၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ် မေလ ၂၂ ရက် ရက်စွဲပါ ကြေညာချက်အမှတ်(၁၄/၂၀၁၆) နှင့် ၂၀၁၆ ခုနှစ် မေလ ၂၆ ရက် ရက်စွဲပါ ကြေညာချက်အမှတ်(၁၇/၂၀၁၆) တို့အရ အစားထိုးပြောင်းလဲသည့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၁) ဦးကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ လွှတ်တော်ဥက္ကဋ္ဌထံ ကတိသစ္စာပြုကြသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၁) ဦးတို့ ကတိသစ္စာပြုကြစဉ်။
(သတင်းစဉ်)

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးနှင့် ဒသမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်ရှစ်ခုအား အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းကို ဆောင်ရွက်သည်။

ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူးက ဖတ်ကြားတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးက ဆွေးနွေးတင်ပြကြရာ လွှတ်တော်ကအတည်ပြုမှတ်တမ်းတင်ခဲ့သည်။

ယနေ့တင်သွင်းသည့် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ၌ ပထမအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ မေးခွန်းမေးမြန်းမှုနှင့် ဖြေဆိုမှုများကို စာရင်းပြုစု၍ လေ့လာစိစစ်ကြည့်ရာတွင် စုစုပေါင်းမေးခွန်း (၃၀၂၅) ခု မေးမြန်းခဲ့ရာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဖွဲ့အစည်းများက နှုတ်ဖြင့်ဖြေကြားသည့်မေးခွန်း (၁၅၄၁) ခု၊ စာဖြင့်ဖြေကြားသည့်မေးခွန်း (၁၄၈၄) ခုရှိကြောင်း သိရသည်။

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှုနှင့် နှုတ်ဖြင့်ပြန်လည်ဖြေကြားမှုများကို စာရင်းပြုစု၍ လေ့လာစိစစ်ကြည့်ရာတွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ် (၂၈၇) ဦးရှိပြီး လွှတ်တော်အစည်းအဝေးများ၌ လွှတ်တော်ကိုယ်စားလှယ် (၂၅၉) ဦး၏ မေးခွန်းပေါင်း (၁၅၄၁) ခုကို နှုတ်ဖြင့်ပြန်လည်ဖြေကြားခံရပြီး နှုတ်ဖြင့်ပြန်လည် ဖြေကြားရန် အချိန်မရသည့်မေးခွန်းများကို စာဖြင့်ဖြေဆိုပေးကြောင်း ၎င်းအစီရင်ခံစာအရ သိရသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက် (၂၃)ခုဖြင့် ပြန်လည်ပေးပို့လာသည့် “စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်း”နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင်တစ်ဦးက ဖတ်ကြားတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ထောက်ခံဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဥပဒေကြမ်းပါ အခန်း(၁) အပိုဒ် (၂) အပိုဒ်ခွဲ (ထ)၊ အခန်း (၃) အပိုဒ် (၅)နှင့် အခန်း (၄) အပိုဒ် (၈) တို့သဘောကွဲလွဲချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားရန် လွှတ်တော်ဥက္ကဋ္ဌက အသိပေးကြေညာသည်။

အစည်းအဝေးကို ၁၁ နာရီ မိနစ် ၅၀ တွင် ရပ်နားခဲ့ပြီး အစည်းအဝေးဒုတိယနေ့ကို မေ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

❂ အမျိုးသားလွှတ်တော်မှ

ထို့ပြင် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်သည် မိမိမဲဆန္ဒနယ်မှ ပြည်သူများကိုကိုယ်စားပြုခြင်း၊ နိုင်ငံသားအားလုံးအတွက် ကျယ်ပြန့်စွာကိုယ်စားပြုခြင်းနှင့် ဥပဒေပြုခြင်းများဖြစ်ပါကြောင်း၊ ပြည်သူများကို ကျယ်ပြန့်စွာကိုယ်စားပြုရာတွင် ပြည်သူများအတွက် စားရေရိက္ခာ ပြည့်စုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ သင့်လျော်သည့် နေစရာ ထိုင်စရာရရှိရေး၊ အရည်အသွေးမြင့်မားသည့် ပညာသင်ကြားခွင့်ရရှိရေး၊ အလုပ်အကိုင်ရရှိရေး၊ တရားဥပဒေအကာအကွယ်ရရှိရေးနှင့် ပုဂ္ဂလိကလုံခြုံရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်ပါကြောင်း၊ ယင်းလိုအပ်ချက်များအတွက် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အတွင်းတွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနှင့် ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခုဆိုလျှင် လွှတ်တော်သက်တမ်းသည် (၃)နှစ်ကျော် (၄)နှစ်အတွင်းသို့ ရောက်ရှိလာပြီး လွှတ်တော်ကိုယ်စားလှယ်များသည် ရင့်ကျက်လာကြပြီဖြစ်ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လွှတ်တော်၏ ဓလေ့ထုံးတမ်းများနှင့်အညီ ဆောင်ရွက်နိုင်ကြပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဒသမအကြိမ် ပုံမှန်အစည်းအဝေးတွင်လည်း မိမိတို့၏ကိုယ်စီတာဝန် ကျေပွန်ကြရန်အပြင် အမျိုးသားလွှတ်တော်၏ ဂုဏ်ရည်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင်၏ **“မြန်မာပြည်တွင်း လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်များက စက်မှုဇုန်ထုတ်ကားများကိုလည်း အခြားယာဉ်များနည်းတူ သတ်မှတ်ခွင့်ပြု တန်ချိန်ထက် (၂)တန်ပိုမို ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဟီးနိုး၊ ကာဂို၊ နီဆန်း၊ ကွန်ဒို (၆)ဘီး ကုန်တင်ယာဉ်ကြီးများနှင့် TE 11၊ TE 21၊ GMC၊ Fuso၊ UD ကောင်တာ စသည့် (၆)ဘီးကုန်တင်ယာဉ်ကြီးများသည် ၂၀၁၅ ခုနှစ်တွင်ခွင့်ပြုမည့် (ယာဉ် + ကုန်) (၁၅)တန်အစား အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၅ ခုနှစ်မတိုင်မီ တစ်တန်စီတိုးမြှင့်ပေး၍ (ယာဉ် + ကုန်) (၁၆) တန်ခွင့်ပြုပေးထားခြင်းဖြစ်ပါကြောင်း၊ စက်မှုဇုန်ထုတ် (၆)ဘီးယာဉ်များကို ဝင်ရိုးနှင့်ဘီးအရေအတွက်အရ(ယာဉ် + ကုန်)အလေးချိန်သတ်မှတ်ချက်အား ရှေ့ဝင်ရိုး(၆)တန်၊ နောက်ဝင်ရိုး(၁၀)တန် ပေါင်း(၁၆)တန်အား မူလကပင် သတ်မှတ်ခွင့်ပြုပေးပြီးဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၄)မှ
ဒေါက်တာဝင်းမြင့်အောင်

ဆောက်လုပ်ရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး
ဦးစိုးတင့်

ဝင်ရိုးနှင့်ဘီးအရေအတွက်အရ(ယာဉ် + ကုန်)အလေးချိန် သတ်မှတ်ချက်များတွင် ယာဉ်များ၏ အရွယ်အစားနှင့်ဝန်အားကို ကန့်သတ်ထားပြီးဖြစ်ပါ၍ တစ်နိုင်ငံလုံးတစ်ပြေးညီ ပြဋ္ဌာန်းထားသော တန်ချိန်သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စက်မှုဇုန်ထုတ် (၆)ဘီးယာဉ်များအား ဝင်ရိုးသတ်မှတ်ချက်နှင့်အညီ (၁၆)တန် ခွင့်ပြုထားပေးပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေး၌ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာမေးခွန်း(၃)ခုနှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ မေးခွန်း (၂)ခု မေးမြန်းဖြေကြားခြင်းနှင့် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းနှစ်ခုကို တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

✳ ကျောဖုံးမှ

၁၉၉၉ ခုနှစ်မှစ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက တင်ပို့ခွင့်တားမြစ်ထားသော လယ်ယာထွက် ပစ္စည်းများကို ပြန်လည်တင်ပို့ခွင့် ရရှိနေပြီး ချည်မျှင်၊ ဝါနှင့် ဝါဂွမ်းများကိုလည်း ပြင်ပသို့တင်ပို့ခွင့်ကို ဧပြီလမှစတင်၍ ပြန်လည်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီးပွားရေးနှင့် စီမံကိန်းဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအတွင်း ITC ကတ်ဖြင့် နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်နိုင်သော မြို့များမှာ မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ ရိဒ်၊ မော်တောင်၊ ထီးခီးနှင့် တမူး နယ်စပ်တို့ဖြစ်ပြီး ယင်းကဲ့သို့ တစ်ပိုင်တစ်နိုင် ကုန်သွယ်ခွင့်ကတ်ဖြင့် ကုန်သွယ်မှု ခွင့်ပြုလိုက်သည့်အတွက် နယ်စပ်ဒေသ ကုန်သည်များအနေဖြင့် လွတ်လပ်စွာ ကုန်သွယ်မှုပြုလုပ်လာနိုင်သလို နိုင်ငံတော်ကလည်း ဘဏ္ဍာငွေဆုံးရှုံးမှု လျော့နည်းလာမည် ဖြစ်ကြောင်း သိရသည်။

ဇိုဟောဆာ(ချင်းတောင်ခြေ)

ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာများဆိုင်ရာ ဥပဒေကြမ်းစည်းဝေး

နေပြည်တော် မေ ၂၈

အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့လာသော ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာများဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများဥပဒေနှင့်စပ်လျဉ်းသည့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအစည်းအဝေးကို မေ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် လွှတ်တော်ရုံးအိုင်ဆောင်အမှတ်-၂ ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီအတွင်းရေးမှူး ဦးအောင်ကြိုင်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင်များ တက်ရောက်ဆွေးနွေးပြီး ဥပဒေကြမ်း၏ နိဒါန်း၊ အခန်း(၄)ခန်း၊ ပုဒ်မ ၉ ခုကို ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်နှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပမှ ဝယ်ယူ၊ ငှားရမ်းအသုံးပြုရာတွင် နစ်နာမှုမရှိစေရေးအတွက် လေယာဉ်ဆိုင်ရာ ကိတ်တောင်း၊ နိုင်ငံတကာသဘောတူညီစာချုပ်ပါ ပြဋ္ဌာန်းချက်များအား လိုက်နာကျင့်သုံးနိုင်ရန် ရည်ရွယ်လျက် ပုဒ်မတစ်ခုချင်းစိစစ်ကြပြီး ပြည်သူ့လွှတ်တော်တွင် တင်ပြအတည်ပြုချက် ရယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရုပ်ရှင်အနုပညာပွဲတော် အခမဲ့ကြည့်ရှုနိုင်မည်

ရန်ကုန် မေ ၂၈

မြန်မာ့ရုပ်ရှင်အနုပညာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရုပ်ရှင်ချစ်ပြည်သူများ တနင်္ဂနွေအားလပ်ရက် အပန်းဖြေကြည့်ရှုနိုင်ရန် ရည်ရွယ်၍ (၂၈)ကြိမ်မြောက် ရုပ်ရှင်အနုပညာပြပွဲ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ တနင်္ဂနွေရုပ်ရှင်ပြပွဲကို Laurel Art Academy ရုပ်ရှင်အနုပညာသင်တန်းကျောင်းမှ သင်တန်းသားများနှင့် အနုပညာချစ်မြတ်နိုးသူ အများပြည်သူ အားလပ်ရက်တွင် အခမဲ့ကြည့်ရှုနိုင်ရန် “HIGH NOON” ရုပ်ရှင်ဇာတ်ကားကို ဇွန် ၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ပုလဲဥယျာဉ်အိမ်ရာ (ပုလဲကွန်ဒိုဝင်း) ခြံအမှတ် ၁/၅ (စီ)ရှိ Laurel Art Academy Studio ၌ကျင်းပမည်ဖြစ်ပြီး ရုပ်ရှင်အနုပညာရှင်အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က ရှင်းလင်းပြသမည်ဖြစ်ကြောင်း သိရသည်။

(ကိုကြီးကျော်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်ရုံး၏ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၈

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ ကိုယ်စားလှယ်ရုံး၏ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ခေါင်းဆောင် (Head of Cooperation of the European Union Delegation to Myanmar) Mrs. Isabel Faria de Almeida နှင့် အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဥရောပသမဂ္ဂအကူအညီဖြင့် ဆောင်ရွက်နေသည့် မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Myanmar Climate Change Alliance-MCCA Programme)၊ သစ်တောဥပဒေသက်ရောက်မှု၊ အုပ်ချုပ်မှုနှင့် သစ်ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များ Forest Law Enforcement, Governance and Trade-FLEG-T)၊ မြန်မာနိုင်ငံ မြေအသုံးချမှု မူဝါဒနှင့် စီမံချက်ရေးဆွဲချမှတ်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ တိုးတက်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ၊ လုပ်ငန်းစီမံချက်များနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ အကောင်အထည်ဖော်ရန်၊ မြန်မာနိုင်ငံမှ သစ်အချောထည်ပစ္စည်းများ ဥရောပသမဂ္ဂနိုင်ငံများသို့ တရားဝင်တင်ပို့ ရောင်းချနိုင်ရန်အတွက် ဥရောပသမဂ္ဂ FLEG-T Voluntary Partnership Agreement-VPA ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ဖြင့် ဆောင်ရွက်မည့်အစီအစဉ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်ရာ၌ ကြိုတင်ညှိနှိုင်းဆဲကာလအတွင်း သင်တန်းပို့ချပေးရန်နှင့် နည်းပညာအကူအညီပေးရန်၊ မြန်မာနိုင်ငံ၏ မြေအသုံးချမှု မူဝါဒရေးဆွဲခြင်းနှင့် မြေအသုံးချမှု လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းအတွက် အဆင့်မြင့်ဂြိုဟ်တုဓာတ်ပုံများ၊ နည်းပညာအကူအညီများ ဆက်လက်ထောက်ပံ့ရန်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဆက်လက်၍ ပြည်သူဗဟိုပြု လုပ်ငန်းရပ်များဖြစ်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ (Community Forestry)၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (Reducing Emissions from Deforestation and Forest Degradation-REDD+)၊ ဒီရေတော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ (Mangrove Rehablitation) တွင် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တောင်အာဖရိကနိုင်ငံဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပြန်လည်ခန့်အပ်ခြင်းခံရသော မစ္စမေတေး အင်ကိုအာနား မာရှာဘာနေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

❒ ပြည်ထောင်စုလွှတ်တော်မှ

အလားတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းမှုရရှိရေးတို့သည်လည်း မဖြစ်မနေဆောင်ရွက်ကြရမည့် အမျိုးသားရေး တာဝန်ဖြစ်သည့်အတွက် ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ဆက်လက်ဆောင်ရွက်ကြရမည့် လုပ်ငန်းတိုင်းတွင် ယင်းအကြောင်းအရာများကို အလေးထားစဉ်းစားပြီး ဆက်လက်၍ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး
ဒေါက်တာလင်းအောင်

ထို့နောက် လွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေးမတိုင်မီ လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်နာယကနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်ဆိုင်ရာ ပြည်ပခရီးစဉ်(၆)ခုကို လွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက တင်သွင်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သုံးသပ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းက ကော်မတီ၏ အစီရင်ခံစာကို တင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရာ လွှတ်တော်က မူလအတည်ပြုထားသည့်အတိုင်း ဆက်လက်အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကျပ် (၅၀၀)ဘီလီယံ ချေးယူလိုခြင်းကိစ္စ**နှင့် စပ်လျဉ်း၍ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်တို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြရာ လွှတ်တော်က အဆိုပါချေးငွေကျပ် (၅၀၀)ဘီလီယံ ချေးယူလိုခြင်းကိစ္စကို သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် **ပညာရေးဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း(၂၀)ချေးယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်က ပညာရေးကဏ္ဍအတွက် ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာ လုပ်ငန်းများကို ဗဟိုချုပ်ကိုင်မှု လျှော့ချပြီး အခြေခံပညာကျောင်း အဆင့်အထိ ဆောင်ရွက်ခွင့်ပေးသည့် စီမံကိန်းကို အကောင်အထည်ဖော်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းစီမံကိန်းတွင် ကျောင်းထောက်ပံ့ကြေးများချီးမြှင့်ရေးအစီအစဉ်၊ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ရေး

ပညာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး
ဒေါက်တာဇော်မင်းအောင်

စမ်းသပ်အစီအစဉ်နှင့် မူလတန်းအောက်အဆင့် ကလေးများ၏ စာဖတ်စွမ်းရည် စစ်ဆေးအကဲဖြတ်သည့် သုတေသနလုပ်ငန်းတို့ ပါဝင်ပါကြောင်း၊

ကမ္ဘာ့ဘဏ်၏ IDA Credit အမေရိကန်ဒေါ်လာ သန်း(၈၀)နှင့် AusAID ၏ အကူအညီ Grant သန်း(၂၀) စုစုပေါင်းအမေရိကန်ဒေါ်လာသန်း(၁၀၀)ဖြင့် ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်မည့် ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာလုပ်ငန်းများကို ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး အခြေခံပညာကျောင်းအဆင့်အထိ ဆောင်ရွက်ခွင့်ပေးသည့်စီမံကိန်းကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မည်ဆိုပါက အခြေခံပညာအဆင့်တွင် ကျောင်းနေအရွယ်ကလေးတိုင်း အရည်အသွေးရှိသည့် အခြေခံပညာရေးကို သင်ယူနိုင်ရန် အခွင့်အလမ်းများပိုမိုရရှိပြီး နိုင်ငံတော်အတွက် အရေးပါသည့် နိုင်ငံ့သားကောင်း လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်မည်ဖြစ်ပါကြောင်းဖြင့် လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါ ကမ္ဘာ့ဘဏ်မှ ပညာရေးဝန်ကြီးဌာနအတွက် အမေရိကန်ဒေါ်လာသန်း(၂၀)ချေးယူရန် ကိစ္စကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အင်ကြင်းသပိုးကျေးရွာအုပ်စုအတွင်း အေးညိမ်းသာယာကျေးရွာတစ်ရွာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် ရပ်ကွက်တစ်ရပ်ကွက်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင် ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို ဇွန် ၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၂၈

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်တို့နှင့် အတူ မေ ၂၇ ရက် ညနေပိုင်းတွင် စစ်တွေမြို့နယ် ဆတ်ရိုးကျ ရခိုင်ကယ်ဆယ်ရေးစခန်း၌ ဒေသခံများနှင့် တွေ့ဆုံ၍ နိုင်ငံတော်မှ ရခိုင်ပြည်နယ် လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် ကော်မတီများဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ မိမိတို့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ ပြန်လည်မြှင့်တင်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်တွင် ကော်မတီအလိုက် ငွေကျပ်သိန်းပေါင်း ၁၆၀၀၀ကို နိုင်ငံတော်အနေဖြင့် ကျခံသုံးစွဲခဲ့ပါကြောင်း၊ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက်လည်း ငွေကျပ်သိန်းပေါင်း ၁၁၀၀၀ ကျော် ကျခံသုံးစွဲသွားရန် လျာထားပြီးဖြစ်ပါကြောင်း စသည့်နိုင်ငံတော်မှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအား စက်မှုဝန်ကြီးဌာန ထုတ်ကုန်များဖြစ်သော လုံချည်(ကျား/မ)၊ အင်္ကျီ၊ ခြင်ထောင်၊ စောင်၊ စွပ်ကျယ်နှင့် အပ်ချုပ်စက် စသည့် တန်ဖိုးငွေကျပ်သိန်း ၂၀ ဖိုးခန့်ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒေသခံပြည်သူများ၏ တင်ပြချက်အရ ဆတ်ရိုးကျ ရခိုင်ကယ်ဆယ်ရေးစခန်းရှိ စာသင်ကျောင်းတွင် ကျောင်းသား ၃၃၇ ဦး တက်ရောက်လျက်ရှိပြီး ကျောင်းဆောင်တစ်ဆောင်တည်းဖြင့် လုံလောက်မှု မရှိသဖြင့် ကျောင်းဆောင်သစ်တစ်ဆောင် အမြန်ဆုံး ဆောက်လုပ်နိုင်ရေး ပြည်ထောင်စုဝန်ကြီးက ငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ခေါင်းဒုက္ခာ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး စက်မှုဝန်ကြီးဌာန ထုတ်ကုန်များဖြစ်သောလုံချည်(ကျား/မ)၊ အင်္ကျီ၊ ခြင်ထောင်၊ စောင်၊ စွပ်ကျယ်နှင့် အပ်ချုပ်စက် စသည့် တန်ဖိုးငွေကျပ်သိန်း ၂၀ ဖိုးခန့်ကို ပေးအပ်လှူဒါန်းကာ ဒေသခံများ၏ တင်ပြချက်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့်အတူ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ရခိုင်တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (AFDC)၏ တင်ပြချက်အရ ရခိုင်ပြည်နယ် ကျောက်တော်၊ မြောက်ဦး၊ မင်းပြားနှင့် မောင်တောမြို့နယ်တို့မှ တောင်သူလယ်သမားများအတွက် စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော လယ်ထွန်စက် (မြင်းကောင်ရေ-၉၀) အစီး ၂၀ အား အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၈

ကုန်စည်ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ(၂/၂၀၁၄) ကြိမ်မြောက် အစည်းအဝေးအား ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကုန်သည်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် ပုံမှန်မဟုတ်သည့် ကုန်ဈေးနှုန်းများ မြင့်တက်ခြင်း၊ ကျဆင်းခြင်းများ မဖြစ်ပေါ်စေရေးအတွက် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်စည်စီးဆင်းမှု၊ ရောင်းဝယ်ဖောက်ကားမှုများ လိုက်လျောညီထွေစွာ ဖြစ်ပေါ်စေပြီး ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးကွက်ပေါက်ဈေးများအတိုင်း ရှိနေစေရေးကို တည်တည်ငြိမ်ငြိမ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ လတ်တလောတွင် အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီး၊ ကြက်သွန်စသည်တို့၏ ဈေးနှုန်းများအတက်အကျများစွာမရှိဘဲ တည်ငြိမ်မှုရှိနေသည်ကိုတွေ့ရှိရပါကြောင်း၊ သား၊ ငါးဈေးအနည်းငယ်တက်လာခြင်း၊ လူနေမှုစရိတ်အနည်းငယ်မြင့်တက်လာခြင်းများရှိပါကြောင်း၊ ထို့အတွက် အဆိုပါကဏ္ဍများ၌ တည်ငြိမ်မှုရှိအောင် ဝိုင်းဝန်းလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ကုန်ဈေးနှုန်းများသည် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအတွက် တွက်ခြေကိုက်မှုရှိသည့် ဈေးနှုန်းဖြစ်ရန် လိုအပ်သလို စားသုံးသူပြည်သူလူထုအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော သင့်တင့်မျှတသည့် ဈေးနှုန်းများ ဖြစ်ပေါ်နေရန်လိုအပ်ကြောင်း၊ ဈေးကွက်များတွင် အမှန်ဖြစ်ပေါ်နေသည့် ဈေးနှုန်းများကို အများပြည်သူသိရှိနိုင်အောင် သတင်းစာ၊ ဂျာနယ်နှင့် ရေဒီယိုများမှ အသိပေးဖြန့်ဝေပေးရမှာဖြစ်ကြောင်း၊ လိုအပ်ပါက အခြေခံလူတန်းစားများ၏ သက်သာချောင်ချိမှု ရှိစေရေးအတွက် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများနှင့် ကုန်သည်အသင်းအဖွဲ့များပူးပေါင်းပြီး အခြေခံစားကုန်များအား အခွန်လွတ်ဈေးများတွင် ရောင်းချပေးရမှာဖြစ်ကြောင်း၊ အများပြည်သူ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ တရားမဝင်ဝင်ရောက်မှုမရှိစေရေးကို ထိရောက်စွာ တားဆီးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရေး၊ ကုန်စည်သယ်ယူမှု ခရီးလမ်းကြောင်းများ အဆင်ပြေ ချောမွေ့စေရေးတို့အတွက် အတားအဆီးများမရှိအောင် ဆောင်ရွက်သွားရန်၊ ပြည်တွင်း ဈေးကွက်ဈေးနှုန်းအခြေအနေ၊ ပြည်ပဈေးကွက်ဈေးနှုန်းအခြေအနေများကို မျက်ခြည်မပြတ် လေ့လာသိရှိပြီး စိုက်ပျိုးရေး ထုတ်လုပ်သူများနှင့် စားသုံးသူအများပြည်သူတို့ အချိုးညီမျှတစွာ ခံစားရရှိနိုင်ရေးအတွက် စိတ်ရင်းစေတနာအပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လုပ်ငန်းကဏ္ဍအလိုက် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆားလင်းကြီးမြို့နယ်ရှိ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ မိုးကြိုးဆာလ်ဖျူရစ်အက်စစ်စက်ရုံအတွက် နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်များရရှိ

နေပြည်တော် မေ ၂၈

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အပိုဒ် ၈၂ (က)၊ အပိုဒ်ခွဲ (၂၉)တွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာအနီးရှိ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏မိုးကြိုးဆာလ်ဖျူရစ်အက်စစ်စက်ရုံသည် အန္တရာယ်ရှိသော ဓာတုပစ္စည်းစက်ရုံ (Hazardous Chemical Plant) ဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်နိုင်ရန် နိုင်ငံတကာ အသိအမှတ်ပြု ISO Certificates များရယူထားခြင်း မရှိသည့်အတွက် သက်ဆိုင်ရာစက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူရန်နှင့် နိုင်ငံတကာ ပြဋ္ဌာန်းချက်များ၊ စံချိန်စံညွှန်းများနှင့်အညီ ISO Certificates များ ရယူရန် လိုအပ်ကြောင်း အကြံပြုခဲ့သည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်အတိုင်း လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် မိုးကြိုးဆာလ်ဖျူရစ် အက်စစ်စက်ရုံအတွက် ISO Certificates များရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ မိုးကြိုးဆာလ်ဖျူရစ်အက်စစ်စက်ရုံအား ဘေးကင်းလုံခြုံမှုအစီအမံ (Safe and Sound Process နှင့် Safety Arrangement) များဖြင့် တည်ထောင်ခွင့်ပြုကြောင်း ၁၂-၇-၂၀၁၃ ရက်တွင် စက်မှုဝန်ကြီးဌာနက သဘောတူခွင့်ပြုခဲ့သည်။

ISO Certificates များရရှိရေးအတွက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် United Kingdom အခြေစိုက်၊ စင်ကာပူနိုင်ငံရုံးခွဲ၏ လက်အောက်ခံဖြစ်သော မြန်မာနိုင်ငံရှိ Guardian Independent Certification-GIC (Myanmar) Co., နှင့် ၈-၅-၂၀၁၃ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး အဆိုပါ ကုမ္ပဏီမှအဖွဲ့ဝင် ငါးဦးသည် စက်ရုံသို့ လာရောက်၍ ၁၃-၅-၂၀၁၃ ရက်မှ ၁၇-၅-၂၀၁၃ ရက်အထိ သင်တန်းပို့ချခဲ့ပြီး ISO လက်မှတ်သုံးစောင်ရရှိရေးအတွက် ၁-၆-၂၀၁၃ ရက်အား Effective Date အဖြစ် စတင်သတ်မှတ်၍ ကြိုတင်ပြင်ဆင်မှု ခြောက်လအဖြစ် လေ့လာဆောင်ရွက်ခဲ့သည်။

ကြိုတင်ပြင်ဆင်မှုကာလအတွင်း စာရွက်စာတမ်းများအား သတ်မှတ်ချက်နှင့်အညီ မှတ်တမ်းရေးသွင်းခြင်း၊ စနစ်တကျထိန်းသိမ်းခြင်း၊ ထုတ်လုပ်မှုပိုင်းဆိုင်ရာ ပိုမိုကောင်းမွန်သည့် အစီအမံများ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ စက်ပိုင်းဆိုင်ရာများ ပြုပြင်ဆောင်ရွက်ခြင်း၊ ဘေးကင်းလုံခြုံမှုဆိုင်ရာ ပစ္စည်းကိရိယာများ ဖြည့်ဆည်းခြင်း၊ မီးဘေးလုံခြုံရေးအတွက် ပိုမိုကောင်းမွန်သည့် အစီအမံများပြုလုပ်ခြင်း၊ စွန့်ပစ်ပစ္စည်းများနှင့် စွန့်ပစ်ရေများအား ဘေးအန္တရာယ်ကင်းရှင်းရေး စဉ်ဆက်မပြတ်ဂရုပြုဆောင်ရွက်ခြင်း၊ အဆောက်အအုံပိုင်းဆိုင်ရာများ ပြုပြင်မွမ်းမံခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုဆိုင်ရာ လုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်စေခဲ့သည်။

GIC Myanmar Co., မှ Training Manager ဦးဆောင်၍ ၂၉-၈-၂၀၁၃ ရက်မှ ၃၀-၈-၂၀၁၃ ရက်အထိ ပြန်လည်စစ်ဆေးခြင်းနှင့် ၁၆-၁၂-၂၀၁၃ ရက်မှ ၁၈-၁၂-၂၀၁၃ ရက်အထိ နောက်ဆုံးအဆင့် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ Final Audit အဖြစ် အစစ်ဆေးခံယူခြင်းကို ၈-၂-၂၀၁၄ ရက်တွင် GIC Myanmar Co., မှ ဌာနေကိုယ်စားလှယ် ဒေါက်တာတင်လတ်နှင့် United Kingdom အခြေစိုက်ရုံး၏ ကိုယ်စားလှယ် UAE(Dubai) မှ Country Manager Mr.Asher Bilal တို့မှ လာရောက်စစ်ဆေးခဲ့ပြီး လိုအပ်ချက်များအား သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ၁၀-၄-၂၀၁၄ ရက်တွင် အောက်ပါ ISO လက်မှတ်များအား ထုတ်ပြန်ပေးခဲ့သည်-

(၁) ISO 9001-2008 အရည်အသွေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (Quality Management System)

(၂) ISO 14001-2004 သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုစနစ် (Environmental Management System)

(၃) OHSAS-18001-2007 လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (Occupational Health and Safety Management System)

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်အတိုင်း မိုးကြိုးဆာလ်ဖျူရစ်အက်စစ်စက်ရုံအတွက် နိုင်ငံတကာစံညွှန်းများနှင့် ကိုက်ညီသည့် ISO လက်မှတ်များ ရရှိပြီးဖြစ်သော်လည်း စက်ရုံလည်ပတ်နေစဉ်ကာလအတွင်း ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မည့်အခြေအနေများအား လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် အစီရင်ခံစာအပေါ်အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီမှ အမြဲမပြတ်ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး ပြည်သူအားလုံး ဆောင်ရွက်ပေး

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကို ၂၀၁၄ ခုနှစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးစည်းရုံးလှုပ်ရှားမှုကို အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍

- သန်းခေါင်စာရင်းအရ ကျောင်းနေအရွယ် အသက်အပိုင်းအခြား ဦးရေစာရင်းအား မြို့နယ်ရပ်ကွက်၊ ကျေးရွာအလိုက် ကောက်နုတ်ပြုစုနိုင်ရေး
- မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အထောက်အကူပြု ကော်မတီဝင်များသည် ရပ်ကွက်၊ ကျေးရွာအလိုက် မူလတန်းကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့်ပူးပေါင်း၍ ထပ်ဆင့်တွေ့ဆုံ၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် မိဘပြည်သူများအား အသိပညာပေး စည်းရုံးဆောင်ရွက်နိုင်ရေး
- ကျောင်းအပ်နှံမှု ရက်သတ္တပတ်ပြီးဆုံးပါက သန်းခေါင်စာရင်းအရ ကျောင်းအပ်နှံရမည့် အသက်အပိုင်းအခြား ဦးရေနှင့် အမှန်တကယ် ကျောင်းအပ်နှံသည့် ဦးရေတို့ကို နှိုင်းယှဉ်ပြီး ကျောင်းအပ်နှံမှုရာခိုင်နှုန်း တွက်ချက်နိုင်ရေး
- အစိုးရကျောင်းများတွင် အပ်နှံခြင်းမပြုဘဲ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများသို့ အပ်နှံမှုများကို သီးခြားစာရင်းကောက်ယူ၍ ကျောင်းအပ်နှံမှုရာခိုင်နှုန်းတွင် ထည့်သွင်းပေါင်းစပ်တွက်ချက်နိုင်ရေး
- ကျန်းမာရေးအရဖြစ်စေ၊ လူမှုစီးပွားရေးအရဖြစ်စေ ကျောင်းအပ်နှံနိုင်ခြင်းမရှိသော မိဘများကိုတွေ့ဆုံ၍ အခက်အခဲနှင့် အချက်အလက်များ ကောက်ယူပြီး (Non-formal Education) ကျောင်းပြင်ပပညာရေးအစီအစဉ်များရေးဆွဲနိုင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်တို့ပေါင်းစပ်လျက် လူတိုင်းစာတတ်မြောက်ရေး အစီအစဉ်ဆောင်ရွက်နိုင်ရေး

အတွက် ပြည်သူတစ်ရပ်လုံးက ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး၊ အမျိုးသားရေးလှုပ်ရှားမှုတွင် ဝိုင်းဝန်းပါဝင်ကူညီ ဆောင်ရွက်ပေးကြပါရန်နှင့် လိုအပ်လျှင် မြို့နယ်ပညာရေးမှူးများနှင့်ဆက်သွယ်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန

မူကြိုအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး မိဘအားလုံး ဆောင်ရွက်ပေး

မိဘပြည်သူများအနေဖြင့် အသက်(၃)နှစ်မှ (၅)အရွယ် မူကြိုကလေးများ၏ ကာယဖွံ့ဖြိုးမှု၊ ဉာဏဖွံ့ဖြိုးမှု၊ စာရိတ္တဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးဖွံ့ဖြိုးမှုနှင့် စိတ်ခံစားမှုဆိုင်ရာဖွံ့ဖြိုးမှုစသည့် ဘက်စုံဖွံ့ဖြိုးမှုများရရှိစေပြီး ဘဝတစ်သက်တာ အခြေခံကောင်းများ ရရှိစေရန် မူလတန်းကြိုကျောင်းများသို့အပ်နှံရန် အထူးလိုအပ်ပါသည်။

သို့ပါ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မူလတန်းကြိုကျောင်းများ၊ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ မူလတန်းကြိုအတန်းများ၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ တည်ထောင်ဖွင့်လှစ်ထားသည့် မူလတန်းကြိုကျောင်းများသို့ သွားရောက်အပ်နှံပေးနိုင်ရေး မိဘပြည်သူအားလုံးကို အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

ယခုနှစ်တွင် မူကြိုကျောင်းအပ်နှံနှုန်းနှင့် ဖြည့်ဆည်းပေးရန်လိုအပ်မည့် သတင်းအချက်အလက် စုဆောင်းရယူခြင်း၊ အရည်အသွေးရှိသော ဆရာ ဆရာမများ လေ့ကျင့်သင်ကြားပေးရေးအတွက် မူကြိုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို ပြင်ဆင်ဆောင်ရွက်၍ လာမည့်နှစ်များတွင် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

နည်းပညာကျွမ်းကျင်မှုနှင့် သက်မွေးပညာရေးသင်တန်းများ တက်ရောက်ရန် ဖိတ်ခေါ်ခြင်း

အဋ္ဌမတန်းနှင့် ဒသမတန်းအောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်လက်မတက်ရောက်နိုင်သော ကလေးများသည် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားခြင်းဖြင့် ပြည်တွင်းပြည်ပ၌ အလုပ်အကိုင်နှင့်လုပ်ခလစာ ထိုက်ထိုက်တန်တန်ရရှိနိုင်သည့် အခွင့်အလမ်းများရှိပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန အစရှိသည့် ဝန်ကြီးဌာန ၁၅ ခုတွင် အသက်မွေးဝမ်းကျောင်းသင်တန်းအမျိုးအစားပေါင်း ၄၂၄ မျိုးအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသဖြင့် အသက်မွေးဝမ်းကျောင်း အထက်တန်းကျောင်းများ၊ သိပ္ပံများနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တက်ရောက်နိုင်သော အသက်မွေးဝမ်းကျောင်းသင်တန်းများအား နိုင်ငံပိုင်သတင်းစာများ၏ အပတ်စဉ်တနင်္ဂနွေအချပ်ပိုတွင် ထည့်သွင်းကြော်ငြာသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

နေပြည်တော် - ၀၆၇-၄၀၄၅၀၅၊ ၀၆၇-၄၀၄၅၀၆
ရန်ကုန် - ၀၁-၅၅၅၈၂၄၊ ၀၁-၅၄၂၈၇၃

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့

အားကိုးပါတယ် ကျောင်းသားလူငယ်

- နွေရက်ကုန်လွန် ဇွန်လပြောင်းတော့ စာသင်ကျောင်းတွေ ဖွင့်ပေါ့ကွယ်။
- လွယ်အိတ်ကိုယ်စီ ကျောင်းမီသွားကြ သမီးနှင့် သားက လိမ်မာတယ်။
- ဝတ်စုံညီတူ ဖြူအစိမ်းနဲ့ စည်းကမ်းထိန်းတဲ့ မောင်နှင့်မယ်။
- လူကောင်းလူတော်သင်မြော်တွေးလို့ ပညာရေးကို ကြိုးစားကွယ်။
- ကျောင်းစာအပြင် သွန်သင်ပြတဲ့ ဆရာ့စကားမှတ်သားဖွယ်။
- ကျောင်းဆင်း၊ ကစားကွင်း၊ သူငယ်ချင်းများနဲ့ ကိုယ်လက်လှုပ်ရှား ကစားရမယ်။
- ပန်းချီ၊ ဂီတ၊ ဆို၊ က မြူးကြွ စကားရည်၊ ကျပန်း မကျန်တယ်။
- ကျန်းမာပျော်ရွှင် ဉာဏ်လျင်ထက်လို့ ဘဝတစ်သက် အမြင်ကျယ်။
- ဘက်စုံပညာထူးချွန်ကြမှ မြန်မာ့ဘဝ ကမ္ဘာ့အလယ်။ ရင်ပေါင်တန်းမယ် မျှော်မှန်းရွှယ်။ မင်းတို့ ကျောင်းသားလူငယ်။ ။

မောင်ကျေးဖူး

ပြည်တွင်းရေးရာ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စာရေးကိရိယာနှင့် ပညာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

နေပြည်တော် မေ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး သီတင်းပတ်တွင် ကျောင်းနေအရွယ် ကလေးများအား စာရေးကိရိယာနှင့် ပညာရေး အထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် လယ်ဝေးမြို့နယ် ဗောဓိကုန်းကျေးရွာ အမှတ်(၂၃)အခြေခံပညာ မူလတန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယကများ၏ လမ်းညွှန်ချက်နှင့်အညီ စံပြကျောင်းအဖြစ်ရပ်တည်နိုင်ရန် မူလတန်းကျောင်းနေ ကျောင်းသား ကျောင်းသူများအား လိုအပ်သည့်သင်ထောက်ကူပစ္စည်းပံ့ပိုးမှုများ၊ ကျောင်းအင်္ဂါရပ်နှင့်အညီ ရှိစေရေးတို့ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကူညီပံ့ပိုးသွားရန် ရည်ရွယ်ပါကြောင်း၊ နောင်အနာဂတ်တွင် ပညာတတ် လူတော်လူကောင်းများ ဖြစ်ထွန်းစေရန် သားငယ်၊ သမီးငယ်များကလည်း ကျောင်းပျော်ကလေးများ၊ စာတော်ကလေးများဖြစ်စေရန် ကြိုးပမ်းကြစေလိုကြောင်း၊ ယခုကျောင်းအပ်နှံရန် ရောက်ရှိနေကြသော မိဘများကလည်း သားသမီးများအား ပညာရေးပြီးဆုံးသည်အထိ ကြုံတွေ့ရင်ဆိုင်ရမည့် အခက်အခဲများကိုကျော်လွှားပြီး မိဘတို့၏ဝတ္တရားနှင့်အညီ ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ယခုလှူဒါန်းသည့်ကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် တစ်ဦးလျှင်လွယ်အိတ်တစ်လုံး၊ ဗလာစာအုပ် သုံးအုပ်၊ ခဲတံ၊ ပေတံနှင့် ခဲဖျက်တို့ကိုလည်း သားတို့သမီးတို့မှ စနစ်တကျ စည်းကမ်းရှိရှိ သုံးစွဲကြရန် မှာကြားလိုပါကြောင်းနှင့် တစ်ဦးလျှင်ငွေကျပ် ၃၆၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ်သုံးသိန်းငါးသောင်းခန့် လှူဒါန်းခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာနှင့် ပညာရေးအထောက်အကူပြု ပစ္စည်းများအား ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် အသီးသီးပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် ဗောဓိကုန်းကျေးရွာ အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အိတာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

■

မြန်မာနိုင်ငံဆက်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော်ရန် အကြံပေးများခေါ်ယူ

နေပြည်တော် မေ ၂၈

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှုအား အကောင်အထည်ဖော်တည်ဆောက်ရာတွင် လိုအပ်သော ဆက်သွယ်ရေးဆိုင်ရာ Regulatory အကြံဉာဏ်များပေးနိုင်ရန်အတွက် national နှင့် international regulatory advisor ရာထူးများအတွက်စိတ်ပါဝင်စားမှုဖော်ပြစာ (Expression of Interest)များ ပေးပို့နိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရှိရသည်။

အသေးစိတ်အချက်အလက်များအား ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.moit.gov. mm/ ptd_news တွင်ဝင်ရောက်ကြည့်ရှုနိုင်သည်။

(သတင်းစဉ်)

❖ **ရွှေဖုံးမှ**

ဒါဇင် ၅၁၀၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒါဇင် ၂၀၀၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒါဇင် ၂၀၀၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများမှ ငွေကျပ် ၃၆၂၀၀၀ တန်ဖိုးရှိ စာရေးကိရိယာမျိုးစုံ၊ မြို့နယ်အထောက်အကူပြုကော်မတီမှ ကျပ် ၉၆၀၀၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံမျိုးစုံ၊ အလှူရှင်များက ကျောင်းဝတ်စုံများ၊ လွယ်အိတ်များ၊ ထီးများ လှူဒါန်းပေးအပ်ခဲ့ကြသည်။

ယင်းနောက် သံသရာအေး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကျောင်းသားမိဘများက မိမိတို့၏ ရင်သွေးငယ်များအား ကျောင်းလာရောက်အပ်နှံနေမှုကို တိုင်းဒေသကြီးဝန်ကြီးနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဖတ်စာအုပ်၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများ၊ လွယ်အိတ်နှင့်ထီးများအား ပေးအပ်ခဲ့ကြသည်။

သံသရာအေးဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ယခင်နှစ်က ကျောင်းသား ကျောင်းသူ ၁၄၄၂ ဦး တက်ရောက်ပညာသင်ကြားခဲ့ရာ ကျောင်းအုပ်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇာတနှင့် ဆရာ ဆရာမ ၄၂ ဦးက ပညာသင်ကြားပေးခဲ့၍ ယခုနှစ်တွင် ကျောင်းသား ကျောင်းသူ ၁၅၅၀ ခန့် တက်ရောက်မည်ဖြစ်ပြီး ကျောင်းအုပ်ဆရာတော်က အဆိုပါကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများထဲမှ ကျောင်းသား ကျောင်းသူ ၃၀၀အား ကျောင်းအိပ်ကျောင်းစားဖြင့် ပညာသင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

ခိုင်ထူး(မြိတ်)

စာပေဗိမာန်စာမူဆု (၂၀၁၃) ဘာသာပြန်စာမူဆုအတွက် ပြဋ္ဌာန်း

ရန်ကုန် မေ ၂၈

၂၀၁၃ ခုနှစ်အတွက် စာမူပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စာမူများကိုဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။ ဘာသာပြန်စာမူအတွက် Cecilia Friend and Jane B.Singer တို့ ပြုစုရေးသားသည့် Online Journalism Ethics Traditions and Transitions စာအုပ်ပါ အခန်းသုံးခန်းကို ထုတ်နုတ်၍ပြဋ္ဌာန်းလိုက်ကြောင်း သိရသည်။ အဆိုပါစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် (၅၂၉-၅၃၁) စာပေဗိမာန်အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ် ၅၀၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့်သာ လက်ခံမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်တွင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှ မှာယူလိုသူများသည် စာအုပ်တန်ဖိုး အပါအဝင် စုစုပေါင်း ငွေကျပ် ၁၀၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ စာပေအုပ်ချုပ်ထောက်ပံ့မှုကော်မတီ စာပေဗိမာန် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၁၄၄၉ သို့ လိပ်မူ၍ မှာယူနိုင်သည်။

ဘာသာပြန်စာမူကို ၁၅-၉-၂၀၁၄ ရက် နောက်ဆုံးထား၍ အထက်ပါလိပ်စာသို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

■

စာပေမြင့်မှ လူမျိုးတင့်မည်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်းရှိ တံတားအထူးအဖွဲ့(၇)ဆိပ်ဖြူ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်မည့် ရန်ကုန်-ပြည်-မန္တလေးလမ်းပေါ်ရှိ နတ္တလင်းတံတား(၁/၁၈၅)နှင့် ပန်းတောင်း-တောင်ကုတ်လမ်းပေါ်ရှိ တံတားအမှတ်(၁/၂၀)တို့အတွက် လိုအပ်သောမြစ်သဲ၊ မြစ်ကျောက်စရစ်၊ သစ်ခွဲသားများအား (မြန်မာကျပ်ငွေ)ဖြင့်ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်နေ့ရက်	-၂၆-၅-၂၀၁၄ ရက်
တင်ဒါစိစစ်ရွေးချယ်မည့်နေ့ရက်	- ၁၇-၆-၂၀၁၄ ရက်
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ	- ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပြည်ခရိုင်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ပြည်ခရိုင်အင်ဂျင်နီယာမှူး(ရုံး)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဒု-အင်ဂျင်နီယာမှူးကြီး(ရုံး)၊ တံတားအထူးအဖွဲ့(၇)ဆိပ်ဖြူမြို့တွင် ၂၆-၅-၂၀၁၄ ရက်မှစ၍ ရုံးချိန်တွင်ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဆေးပညာဟောပြောပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့နှင့် သက်ပိုင်စိုးကုမ္ပဏီတို့မှ ပူးပေါင်း၍ "Update on Flu: Expert Opinion"ခေါင်းစဉ်ဖြင့် ဆေးပညာဟောပြောပွဲကို ဒေါက်တာ ဒေါ်ခင်ရီဦး၊ ပါမောက္ခ ဒေါက်တာ ရတနာကျော် Dr.James Mark Simmerman တို့မှ အောက်ပါအစီအစဉ်အတိုင်း ဟောပြောမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသောဆရာဝန်များ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက်	- ၃၁-၅-၂၀၁၄ ရက်(စနေနေ့)
အချိန်	- နံနက် ၉း၀၀ နာရီမှ ၁၁း၃၀ နာရီ
နေရာ	- မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ) ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

စုံစမ်းရန်ဖုန်း-၀၁-၆၆၀၉၂၃၊ ၆၆၂၇၄၉

(နေ့လယ်စာဖြင့် ဧည့်ခံပါမည်။)

ရောင်းမည်

ကလေးကစားကွင်း အတွက် တိုက်ကား (၅)စီး ရောင်းရန်ရှိသည်။ (ညှိနှိုင်းဈေး)

ဖုန်း-၀၉-၅၃၁၁၉၆၃

အမည်ပြောင်း

အဖ ဦးကျော်နိုင်ထူး၊ စစ်ပင်ကွင်းကျေးရွာ၊ သန်လျင်မြို့နယ်နေ မောင်ထွန်းကိုကိုဝင်း [စစ်ပင်ကွင်းကျေးရွာ၊ မူလွန်ကျောင်း၊ Grade(7)] အား မောင်နေလင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပ

ပျဉ်းမနား မေ ၂၈

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေးဆောင်ပုဒ်နှင့်အညီ ကျောင်းအပ်နှံရေးအခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အမှတ်(၁၂၉) အခြေခံပညာ မူလတန်းကျောင်း ခေမာသီဝံတွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ နေပြည်တော်ကောင်စီဝင် ပျဉ်းမနား မြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ နေပြည်တော်ပညာရေးမှူး ဦးမြင့်ဇော်၊ ဒက္ခိဏခရိုင်အထွေထွေအုပ်ချုပ်ရေး မှူး ဦးဇော်လွင်ဦး၊ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ (ခေတ္တ) မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများတက်ရောက်၍ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ မူလတန်း အဆင့်ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်ခြောက်အုပ်စီနှင့် ထောက်ပံ့ငွေ ၁၀၀၀ ကျပ်စီကို ကျောင်းလာ အပ်သူများထံ ထောက်ပံ့ပေးအပ်သည်။

ပညာရေးစနစ်မြှင့်တင်ပေးခြင်းနှင့်အတူ ကျောင်းသားနှင့်မိဘများအတွက် ပညာရေးပံ့ပိုးမှုများကို ၂၀၁၂-၂၀၁၃ မှ စတင်ခဲ့ရာ ယခုနှစ်တွင် ပုံနှိပ်နှင့် ဗလာစာအုပ်များ ပိုမိုထောက်ပံ့လာနိုင်ကြောင်း၊ နောင်နှစ်များတွင်လည်း ကျောင်းအပ်နှံရေးအတွက် ဖြေလျှော့မှုအစီအစဉ်များ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းဖြင့် နေပြည်တော်ကောင်စီ ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်က ပြောကြားခဲ့သည်။ အခမဲ့ကျောင်းအပ်နှံရေး အစီအစဉ်နှင့် စာအုပ်များထောက်ပံ့ငွေများပေးအပ်သော တာဝန်ရှိအဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်လျက်ရှိကြောင်းဖြင့် ကျောင်းသားမိဘများက ပြောကြားကြောင်း သိရသည်။ **(ကိုကိုနေ)**

မြို့နယ်ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျောက်တန်း၌ ကျင်းပ

ကျောက်တန်း မေ ၂၈

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြို့နယ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ မြို့မအလယ်တန်းကျောင်း ရွှေသံလွင်ခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နော်ထွေးခင်က ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေးလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့်အလှူငွေ ပေးအပ်ခြင်းများ ဆောင်ရွက်ရာ ရှေးဦးစွာလူမှုရေးဝန်ကြီးဒေါက်တာ မြင့်သိန်းက အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်အား စာရေးကိရိယာနှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလှရွှေ၊ ဦးမျိုးမြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးနှင့် တာဝန်ရှိသူများက ကျောင်း ၃၅ ကျောင်းမှ ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၇၄)**

ကျိုတိုကွန်ဗင်းရှင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်လှစ်

ရန်ကုန် မေ ၂၈

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့် ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO)၏ နည်းပညာဆိုင်ရာ အကူအညီဖြင့် Revised Kyoto Convention (RKC) ကျိုတိုကွန်ဗင်းရှင်းဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို အကောက်ခွန်သင်တန်းကျောင်း (သင်တန်းခန်းမ)၌ မေ ၂၈ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား နိုင်ငံတကာအဆင့်မီစေရန်အတွက် မြန်မာအကောက်ခွန် အရာရှိများနှင့် ဆက်စပ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများမှ စုစုပေါင်း သင်တန်းသား ၄၀ တက်ရောက်ကြောင်း သိရသည်။ **(ဝင်းနိုင်)**

စိတ်နှလုံးဖြူ
မေတ္တာတု
လူကုန်ကူးခံရသူ
လက်တွဲကူ

မီတာများနှင့် ထရန်စဖော်မာများ လျှောက်ထားမှုနှင့်ပတ်သက်၍ မြန်ဆန်စွာတပ်ဆင်အသုံးပြုနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အလေးထားဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မီတာများနှင့်ထရန်စဖော်မာများ လျှောက်ထားမှုနှင့်ပတ်သက်၍ ဓာတ်အားသုံးစွဲမည့်သူများအား မြန်ဆန်စွာ တပ်ဆင်အသုံးပြုနိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်-

- ❖ အိမ်သုံးမီတာလျှောက်ထားပါက သတ်မှတ်ချက်များနှင့် ပြည့်စုံလျှင် နေ့ချင်းပြီးနှင့် လျှောက်ထားပြီး နောက်တစ်ရက်အပြီးတပ်ဆင်ပေးလျက်ရှိပါသည်။
- ❖ ယာယီမီတာ၊ အိမ်သုံးပါဝါမီတာ၊ စက်မှုသုံးပါဝါမီတာ လျှောက်ထားပါက သတ်မှတ်ချက်များနှင့် ပြည့်စုံလျှင် ၄ါးရက်အတွင်း တပ်ဆင်ပေးလျက်ရှိပါသည်။
- ❖ ထရန်စဖော်မာ လျှောက်ထားပါက တစ်လအတွင်းစိစစ်၍ ခွင့်ပြုမိန့်ထုတ်ပေးလျက်ရှိပါသည်။
- ❖ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများအတွက် ထရန်စဖော်မာ လျှောက်ထားပါက ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁)၊ သစ္စာလမ်းတွင် ဖွင့်လှစ်ထားသော One Stop Service ရုံး(သို့မဟုတ်) သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ လျှောက်ထားနိုင်ပါကြောင်း၊ သတ်မှတ်ချက်များနှင့် ပြည့်စုံသောလျှောက်လွှာများအား ၄ါးရက်အတွင်း ခွင့်ပြုမိန့်ကို မြန်ဆန်စွာ ထုတ်ပေးလျက်ရှိပါသည်။
- ❖ မီတာ/ထရန်စဖော်မာများ လျှောက်ထားရာတွင်ပေးသွင်းရမည့် Infrastructure သတ်မှတ်ကြေး၊ အာမခံစပေါ်ငွေ၊ ကြိုးသွယ်ခ/ကြိုးဆက်ခ၊ ကြီးကြပ်ခ၊ အုပ်ချုပ်မှုစရိတ်၊ မှတ်ပုံတင်ကြေး၊ Composite Box(မီတာထည့်သည့်ပုံး) စသည့်သတ်မှတ်ကြေးများကို သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၌သာ ပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတိုင်းတွင် ကြေညာထားပါကြောင်းနှင့် မီတာများ၊ ထရန်စဖော်မာများတပ်ဆင်အသုံးပြုခွင့်လျှောက်ထားရာတွင် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇- ၄၁၁၁၉၂၊ ၀၆၇- ၄၁၁၁၉၃၊ ၀၁-၂၂၂၈၄၊ ၀၁-၂၀၁၈၅၇ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြသည်။

(လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်အတွင်းရှိ တံတားအထူးအဖွဲ့(၇) ဆိပ်ဖြူ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်မည့် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်းပေါ်ရှိ မျက်မြောင်တံတား (၁/၈၈)၊ ရေမျက်နီတံတား(၁/၈၉)၊ လောင်ထောင်ချောင်းတံတားနှင့် ပဒါန်း-ငဖဲ-စေတုတ္တရာ-လောင်းရှည်-သီးကုန်း-ဆောလမ်းပေါ်ရှိ ရင့်ရဲချောင်းတံတားတို့အတွက် လိုအပ်သော မြစ်သဲ၊ မြစ်ကျောက်စရစ်၊ သစ်ခွဲသားများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၂၆-၅-၂၀၁၄ရက်
တင်ဒါစိစစ်ရွေးချယ်မည့်နေ့ရက် - ၁၃-၆-၂၀၁၄ရက်
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ဂန့်ဂေါမြို့၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံး။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဂန့်ဂေါခရိုင်အင်ဂျင်နီယာမှူး(ရုံး)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဒု-အင်ဂျင်နီယာမှူးကြီး(ရုံး)၊ တံတားအထူးအဖွဲ့(၇)၊ ဆိပ်ဖြူမြို့တွင် ၂၆-၅-၂၀၁၄ရက်မှ စ၍ရုံးချိန်တွင် ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ DIGITAL PUMP (၂)လုံးဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး ဆီပန့်တွင် လက်ရှိအသုံးပြုလျက်ရှိသော (ဒီဇယ်/ဓာတ်ဆီ) (ANALOG SYSTEM) အား ဂျပန်/ကိုရီးယားနိုင်ငံလုပ် (DIGITAL SYSTEM) အသုံးပြုဆီပန့် (၂)လုံး (ဒီဇယ်အတွက် ၁-လုံး၊ ဓာတ်ဆီအတွက် ၁-လုံး)တို့ဖြင့် အစားထိုးလဲလှယ်ဝယ်ယူမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါတင်သွင်းရက် - ၂၉-၅-၂၀၁၄ရက် မှ ၅-၆-၂၀၁၄ရက်ထိ
(ခ) တင်ဒါ ပိတ်မည့်ရက်/အချိန် - ၅-၆-၂၀၁၄ ရက် ၁၆း၀၀နာရီ

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာ တွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အမှတ်(၆၈)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်းမြို့နယ်)
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၈၃၃

မေ့မရတဲ့ ရွှေဘ

ကာတွန်း ဖေစန်း

သူ့ခေတ်နဲ့ သူ့အခါကာလ ပေါ်ပေါက်ထင်ရှားလာကြတဲ့ (ကာလအခေါ်) "စူပါစတား"မင်းသားတွေ အများအပြားရှိခဲ့ကြတယ်။ ဒါပေမယ့် အချို့အချို့သော ထင်ပေါ်ကျော်ကြားလာခဲ့သမျှသော စူပါစတား အနုပညာသမား ငွေကြယ်ပွင့်များဟာ ကျန်းမာရေးအရသော်လည်းကောင်း၊ အသက်အရွယ်အရသော်လည်းကောင်း မထင်မရှား ငုပ်လျှိုးကွယ်ပျောက်သွားခဲ့ရရှာပါတယ်။

သို့သော်လည်းပဲ လူသာသေသွားသော်လည်း နာမည်မသေဘဲ အထင်အရှား ကျန်ရစ်နေကြသူ "အနုပညာရှင် ငွေကြယ်ပွင့်များ" ရာစုနှစ်ပေါင်းများစွာပြည်သူများရဲ့ ပါးစပ်ထဲနဲ့ ရင်ထဲမှာ အမြဲတသသ စွဲထင်ကျန်ရှိနေဆဲဖြစ်ပါတယ်။

အဲဒီအထဲမှာ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ပြည်သူတွေအသည်းစွဲ ချစ်ခင်မြတ်နိုးနှစ်သက်ကြတဲ့ "ဖိုက်တင်အက်ရှင်" စတန့်ဇာတ်ကြမ်းမင်းသား "စူပါစတား" ဇာတ်လိုက်ကျော် ဇာတ်လိုက်တော်ကြီး "ရွှေဘ" ပါလို့ ပြောဆိုရရင် လွန်နိုင်မယ် မထင်ပါဘူး။

ဒါကြောင့် လူသာသေသွားသော်လည်း ဘယ်တော့မှ နာမည်မသေတဲ့ မင်းသားကြီး "ရွှေဘ" နဲ့ စာရေးသူတို့ဟာ ဟိုတစ်ချိန်နှစ်ကာလကြာရှည်ကတည်းက ရုပ်ရှင်၊ အနုပညာလောကအတွင်းမှာ ညီရင်းအစ်ကိုတမျှ ချစ်ခင်ရင်းနှီး ရှိလာခဲ့ကြပါတယ်ဆိုတာကိုတော့ စကားဂါရဝ ပဏာမ ဖော်ပြရေးသားပြောကြားပါရစေ။

တကယ့် တကယ်က စာရေးသူဟာ ကာတွန်းဆရာ ဘဝထက် စာရေးဆရာ ဒါရိုက်တာ သိပ်လုပ်ချင်ဖြစ်ချင်တဲ့ ရုပ်ရှင်ချစ်မြတ်နိုးသူ "ရုပ်ရှင်ခရေဇီ" စစ်စစ်သာလျှင်ဖြစ်ပါတယ်။

အခုဖော်ပြ၊ ရေးပြ၊ ပြောပြလိုတာက ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ပြည်တော်ချစ်မင်းသားကြီး "ရွှေဘ" အကြောင်းသာ ဖြစ်တာကြောင့် စာရေးသူရဲ့ ကိုယ်ရေးအတ္တကိစ္စ ခေတ္တ ဒီနေရာကထားပြီး။

စာရေးသူနဲ့ မင်းသားကြီး ရွှေဘတို့ရဲ့ နောက်ဆုံးခွဲခွာခဲ့ကြရတဲ့ "တဒင်္ဂ ဘဝ ခရီး" တစ်နည်းအားဖြင့် လုံးဝ (လုံးဝ) မေ့လို့မရနိုင်တဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန်လေးကို မင်းသားကြီးကို ချစ်ခင်နှစ်သက်မြတ်နိုးကြတဲ့ ပြည်သူအများသိမှတ်ခံစားစေလိုတာကြောင့် သုတအဖြာဖြာအလို့ငှာ ရေးသားဖော်ပြလိုက်ရတာပါပဲ။

အဲဒီနေ့က စာရေးသူအပါအဝင် အမြွှာညီအစ်ကိုများဖြစ်ကြတဲ့ ဒါရိုက်တာ (အေဝမ်း)သန်းထွဋ်နဲ့ သိန်းထွဋ်တို့ ဦးစီးဦးဆောင် ရိုက်ကူးပေးကြရမယ့် အေဝမ်းဗီဒီယိုရုပ်ရှင်စက်အဖွဲ့နဲ့ အင်းလျားဟိုတယ်ကြီးဆီ နံနက် ၈ နာရီ သာသာလောက်မှာ ကုမ္ပဏီကားနဲ့ ရောက်ရှိလာခဲ့ကြပါတယ်။

လာရောက်ကြရခြင်းအကြောင်းအရင်းက အဲဒီအချိန်ခါက မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဌာန ရုပ်ရှင်ကော်ပိုရေးရှင်းလို့လည်း ခေါ်ဆိုကြတဲ့ ဌာနအကြီးအမှူးကြီးရဲ့သမီး မင်္ဂလာဧည့်ခံပွဲကြီးမှာ မှတ်တမ်းတင်ရိုက်ကူးပေးကြရန်အတွက် ရောက်ရှိလာခဲ့ကြရတာဖြစ်ပြီး စင်စစ်မတော့ စာရေးသူဟာ ချစ်သူငယ်ချင်း လက်ဦးဆရာများဖြစ်ကြတဲ့ ဒါရိုက်တာ (အေဝမ်း)သန်းထွဋ်+ သိန်းထွဋ် (အမြွှာညီနောင်)တို့ရဲ့ ဗီဒီယိုမှတ်တမ်း ရိုက်ကူးရေးမှာ ဂက်ဖာဟယ်လပ်လို့ ခေါ်တဲ့ မှန်ကူမီးထိုးဆန်းဂမ်းကိုင်ဖို့အတွက် အပျော်အဖော်အဖြစ် လိုက်လာတာပါ။ ဒီထက်ပွင့်လင်း ထင်သာမြင်သာရှိအောင် တိတိကျကျ ပြောရရင်တော့ အဲဒီခေတ်အခါက ရုပ်ရှင်ဗီဒီယိုလောကသမားတွေရဲ့ အပျက်အချော် အပျော် ဗန်းစကားတစ်ခုဖြစ်တဲ့ အနုပညာလိုက်စားသူများအဖွဲ့ဝင်အဖြစ် ဝိုင်းကူညီဆောင်ရွက်ပေးပြီး ပျော်ပျော်ပါးပါးစားသောက်တာပါပဲ။ ဒါပေမယ့် တစ်နေ့တာ မီးထိုးမှန်ထိုး ဂက်ဖာဟယ်လပ်ကြေးတော့ ပေးကြစမြဲပါပဲ။ ဒါကြောင့် ဥစ္စာလည်းရ ဝမ်းလည်းဝ ဆိုသလိုပေါ့။

အဲဒီနေ့က ရုပ်ရှင်ဌာနအကြီးအမှူးကြီးရဲ့ သမီး မင်္ဂလာဧည့်ခံပွဲကြီးဟာ အလွန်ပဲခမ်းနားကြီးကျယ် စည်ကားလှပါတယ်။ ဒါ့အပြင် အကြီးအမှူးကြီးဟာ အေဝမ်းရုပ်ရှင်မိသားစုအသိုက်အဝန်းထဲက သွေးသားမျိုးနွယ်တွေဖြစ်တာကြောင့် ရုပ်ရှင်လောကအလွှာအသီးသီးက နာမည်ကြီးရုပ်ရှင်သရုပ်ဆောင် စူပါစတားမင်းသား မင်းသမီးများအပြင် ထင်ရှားတဲ့ဒါရိုက်တာ၊ ကုမ္ပဏီပိုင်ရှင်ကြီးများ စုံလင်အောင် လာရောက်ကြပါတယ်။

အဲဒီထဲက စာရေးသူ ဂရုထားမိသူကတော့ ဒီမင်္ဂလာဧည့်ခံပွဲကို ပထမဦးစွာ စောစောစီးစီးရောက်ရှိလာခဲ့သူ အသက်အရွယ်နဲ့ မမျှလောက်အောင်ဘဲ နုပျိုလှပ အရွယ်တင်လွန်းလှတဲ့ တစ်ချိန်က ရေဒီယိုခေတ်ပြားအဆိုကျော်(အကယ်ဒမီ ရုပ်ရှင်မင်းသမီးကြီး) ဒေါ်ခင်ယုမေဖြစ်ပါတယ်။

အဲဒီနောက် မွန်းလွဲချိန်လောက် ရောက်တော့ မင်္ဂလာဧည့်ခံပွဲကြီး တစစနဲ့ မိတ်ဆွေသင်္ဂဟများ တဖွဲဖွဲကြွ ဧည့်လာကျဲသလောက်ဖြစ်တော့ စာရေးသူတို့ အနုပညာလိုက်စားသူများရဲ့ အလှည့်ကျရောက်ခဲ့ကြပါပြီ။

ဖတ်ဖတ်မောအောင် အကွက်စေ့ ထောင့်စေ့ အလွတ်မပေးဘဲ ကမ္ဘာ့ဖလားဘောလုံးပွဲကြီး သတင်းမှတ်တမ်းရိုက်သလို ရုပ်ရှင်ဗီဒီယိုခါတ်ပုံရိုက်ကူးရေးမှာ အထူးကျွမ်းကျင်ကြတဲ့ (အမြွှာညီနောင်)ဒါရိုက်တာ (အေဝမ်း) သန်းထွဋ်+သိန်းထွဋ်တို့ တကယ့်ကို ချွေးတလုံးလုံးနဲ့ ရိုက်ကူးကြတာပါ။

ဒါကြောင့် မွန်းလွဲပိုင်းပြီး နေ့ခင်း ၂ နာရီရှိနေပြီ၊ ဒီတော့စက်အဖွဲ့သားအားလုံးဆာကြပြီ။ ဒီတော့ ဧည့်ခံပွဲထောင့်တစ်နေရာမှာ စားပွဲများဆက်ကြပြီး အကောင်းစား ဟိုတယ်မှ အစားအစာများ ဖွယ်ဖွယ်ရာရာ ပြင်ဆင်နေပြီဖြစ်ပါတယ်။

ဒီလိုဟိုတယ် အစားအစာအကောင်းစား ထမင်းဟင်းလျာ စားပွဲဝိုင်းကြီးမှာ စာရေးသူတို့ "အနုပညာလိုက်စားသူများအဖွဲ့" ဇွန်း၊ ခက်ရင်းများကိုင်ပြီး "စားဖို့ဝါးဖို့စားမလို့ ပါးစပ် ဟတတ လုပ်နေတုန်း ရုတ်တရက် "ဖြုန်းစားကြီး ဝုန်းခနဲ ဒုန်းခနဲ နောက်ကျပြီး ရောက်ရှိလာကြတဲ့ ရုပ်ရှင်မင်းသား "စိုးသူ"နဲ့ (အကယ်ဒမီ) ရုပ်ရှင်မင်းသမီး မို့မို့မြင့်အောင်ရဲ့ ဖခင်ဖြစ်သူ မင်းသားကြီး (ဦးမြင့်အောင်) တို့ကို တွေ့မြင်လိုက်ကြရတာကြောင့် ထမင်းစားပွဲဝိုင်းက "ကိုသန်းထွဋ်" အမြန်ထထွက်ရင်း မင်္ဂလာပွဲကပြီးတော့မယ် အခုမှနောက်ကျရောက်လာရသလားလို့ ရင်းနှီးဖော်ရွေစွာ နောက်ပြောင်သံလေးနှောပြီး ပြောနေကြတုန်း(စာရေးသူ)ပါထမင်းစားပွဲဝိုင်းက ထလာပြီး ကိုသန်းထွဋ်အနီးမှာ ရပ်လိုက်တာနဲ့ (ရုပ်ရှင်မင်းသားလေး) စိုးသူက ရုပ်ရှင်မင်းသားကြီးရွှေဘဆုံးပါးသွားရှာလို့ အခုပဲ ကြံတောသင်္ချိုင်းမှာ အသုဘလိုက်ပါပို့ဆောင်ခဲ့ကြရလို့ ယခုလိုနောက်ကျပြီး အင်းလျားကန်မင်္ဂလာပွဲကို မပျက်မကွက် ဆက်လာခဲ့ကြတာဖြစ်ကြောင်း ရုတ်တရက် ကြားလိုက်ကြရတာကြောင့် ဗိုက်ထဲက ဆာတာတွေ၊ အင်းလျားကန် ဟိုတယ်က အစားအသောက်ကိစ္စ ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားပြီး တဒင်္ဂတွေဝေသွားခဲ့ကြရပါတယ်။ အဲဒီ အခိုက်အတန့်မှာပဲ "ကိုသန်းထွဋ်"က "ကဲ" ကိုဖေစန်း ခင်ဗျားနဲ့"ကိုရွှေဘ" တို့ညီရင်းအစ်ကိုတမျှ တွဲနေကြတာ ဒီကိစ္စဘာတစ်ခုမှ မသိဘူးလားဗျာ ကျုပ်ဖြင့်အံ့ပါရဲ့ "ဒီတော့မှ စာရေးသူ သတိပြန်ဝင်လာရာက" ဟုတ်တယ်. . ကိုသန်းထွဋ်ရေ ခင်ဗျားအပြစ်တင်ရင်လည်းခံရမှာပဲ ဒီလောက် မြန်မြန်ဆန်ဆန်ကြီးတော့ဖြစ်သွားမယ် မထင်မိတာတော့ အမှန်ပဲဗျာ-

ဒါကြောင့် ကိုသန်းထွဋ်က မင်းသားကြီး "ရွှေဘ" ကို အရင်ဆေးရုံတင်တုန်းက ခင်ဗျားအတူလိုက်ပြီးတင်ခဲ့တာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ ဒါပေမယ့် ပထမတစ်ခါ ဆေးရုံတင်လိုက်တုန်းက ရုတ်တရက်သူတို့မိသားစုရဲ့ အစီအစဉ်နဲ့ အမြန်တင်လိုက်ကြတော့ ကျွန်တော်လုံးဝမသိလိုက်ဘူးဗျ၊ နောက်မှသူ့သမီးကြီး(ဥမ္မာရွှေဘ) ကျွန်တော့်ဆီအကြောင်းကြားပြောပြလို့ ကျွန်တော်သိရတာကြောင့် နောက်နေ့မှအစ်မ သင်းသင်းလှဲ့နဲ့အတူ ရန်ကုန်ဆေးရုံကြီးက (မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း)ဆေးရုံကို ထမင်းပို့ချိန်မှာ အတူလိုက်ဖြစ်သွားတယ်ဗျာ--

ဒီအချိန်မှာတော့ မင်းသားကြီး(ဦးမြင့်အောင်)နဲ့ ကိုစိုးသူတို့ ဧည့်ခန်းမကြီးထဲမှာဝင်ထိုင်ကြပြီး မိတ်ဆွေအများအပြားနဲ့ ကွယ်လွန်သူပြည်တော်ချစ် ရုပ်ရှင်စတန့်မင်းသားကြီးရဲ့ အကြောင်းပဲ ဝိုင်းဖွဲ့ပြောဆိုနေကြမယ်လို့ ထင်ပါတယ်။

ဆက်လက်ဖော်ပြပါမည် » »

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၃၁) ခ၊ သရဖီလမ်း၊ နှင်းဆီကုန်း(က) ရပ်ကွက်တွင် နေထိုင်သူ အဖ ဦးမျိုးမော် [၁၂/ဗဟန(နိုင်)၀၆၉၈၀၆]- အမိ ဒေါ်သိင်္ဂီလွင် [၁၂/သဃက(နိုင်)၁၂၇၈၅၅] ကိုင်ဆောင်သူတို့၏ သားဖြစ်သူ မောင်အောင်ကျော်ညွန့်[၁၂/သဃက(နိုင်)၁၈၀၂၅၀] ကိုင်ဆောင်သူသည် ၁၉-၅-၂၀၁၄ရက်မှစ၍ မိခင်မရှိခိုက် နေအိမ်မှ ပစ္စည်းနှင့် ငွေများကို ယူ၍ မိမိသဘောဆန္ဒအလျောက် အိမ်မှထွက်သွားပါသဖြင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးမော် - ဒေါ်သိင်္ဂီလွင်
[၁၂/ဗဟန(နိုင်)၀၆၉၈၀၆]၊ [၁၂/သဃက(နိုင်)၁၂၇၈၅၅]

သက်ဆိုင်သူများသိစေရန်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ မြေကွက်အမှတ်-၁၉၂၀ဟုခေါ်တွင်သော အလျားပေ၄၀×အနံပေ၆၀အကျယ်ရှိ မြေအား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးဇော်မင်းအမည်ပေါက် မြေချပါမစ်ချထားပေးခြင်းခံရပြီး ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပါသည်။ ယခုအခါ ၎င်းမြေပေါ်တွင် လူတစ်စုမှ ကျူးကျော်နေထိုင်လျက်ရှိကြောင်းသိရပါသည်။ သို့ပါ၍ ဒေါ်ဖြူဖြူမှ အမည်ပေါက်ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်သော မြေပေါ်မှအမြန်ဆုံးဖယ်ရှားထွက်ခွာပေးရန် သတိပေးလိုက်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများသိစေရန် ထပ်လောင်းသတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဇော်ဟိန်း(စဥ-၃၂၁၀၄) LL.B,B.DS.,D.IL
ဒေါ်ဝေဝေအောင်(စဥ-၃၂၇၈၁) LL.B,D.BL,D.I.L

အထက်တန်းရှေ့နေများ
အမှတ်-၁၃၉၇(က)၊ ရွှေပြည်သာ(၂)လမ်း၊ ၃၂ရပ်ကွက်၊ မ/ဒဂုံ
ဖုန်း-၀၉-၇၃၁၀၈၃၉၆၊ ၀၉-၄၂၁၀၆၃၂၂၄

မိတ္တဂုဏ်
အဆင့်မြင့်(စတီး)အလိပ်ခါးသွားဆွဲကြိုးများကို စျေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက် ရောင်းချ တပ်ဆင်ပေးနေပါသည်။
Capital Hyper Market
Ph : 09 - 50 - 64145, 09 - 49 - 276627 , 09 -4200-60449
Ph : 09 - 420-707316, 09 - 49 - 588063, 09 - 49 - 580855

AFF ယူ - ၁၉ ချန်ပီယံရှစ် မြန်မာအမျိုးသမီးအသင်း အိမ်ရှင်ထိုင်းနှင့် တစ်အုပ်စုတည်းကျ

ရန်ကုန် မေ ၂၈

လာမည့် ဩဂုတ် ၁၆ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF) က ကြီးမှူးကျင်းပမည့် AFF U-19 Women's Championship ၂၀၁၄ အမျိုးသမီးလူငယ်ဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်အချိန်ဇယားထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ အဆိုပါ ဘောလုံးပြိုင်ပွဲတွင် မြန်မာ ယူ- ၁၉ အမျိုးသမီးလက်ရွေးစင်အသင်းသည် ဗီယက်နမ်၊ စင်ကာပူ၊ တီမောလက်စ်တေနှင့် အိမ်ရှင် ထိုင်းနိုင်ငံတို့နှင့် ရင်ဆိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ - ၁၉ အမျိုးသမီးလူငယ်အသင်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဩဂုတ် ၁၄ ရက် အရောက်သွားရမည်ဖြစ်ပြီး ဩဂုတ် ၁၅ ရက်တွင် ပြိုင်ပွဲကျင်းပရေးအစည်းအဝေးကို တက်ရောက်ရမည်ဖြစ်သည်။ ထို့နောက် ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာဘောလုံးကွင်းကြီး၌ ပြိုင်ပွဲများကိုကျင်းပသွားမည်ဖြစ်ကာ မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်းသည် ဩဂုတ် ၁၆ ရက်တွင် အိမ်ရှင်ထိုင်းအသင်းနှင့်လည်းကောင်း၊ ၂၀ ရက်တွင် စင်ကာပူအသင်းနှင့်လည်းကောင်း၊ ၂၂ ရက်တွင် တီမောလက်စ်တေအသင်းနှင့်လည်းကောင်း၊ ၂၄ ရက်တွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း အုပ်စုပွဲစဉ်များကို ရင်ဆိုင်ကစားရမည်ဖြစ်သည်။

ထို့နောက် အုပ်စုတတိယအသင်းနှင့် စတုတ္ထအသင်းတို့သည် ဩဂုတ် ၂၆ ရက် ညနေ ၄ နာရီတွင် တတိယလုပွဲအနေဖြင့် ရင်ဆိုင်ကစားရမည်ဖြစ်ပြီး အုပ်စုပထမရသောအသင်းနှင့် ဒုတိယရသောအသင်းတို့သည် ယင်းနေ့ ည ၇ နာရီတွင် ဗိုလ်လုရမည်ဖြစ်သည်။ ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြသော ယူ-၁၉ အမျိုးသမီးအသင်းများသည် ဩဂုတ် ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ပြန်လည်ထွက်ခွာကြမည်ဖြစ်သည်။

[မောင်မောင်ဇော်]

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အန်ဒီမာရေး နောက်တစ်ဆင့်တက်

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း တင်းနစ်ပွဲစဉ်အဖြစ် ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးနှင့် ကာဇက်စတန်တင်းနစ်ကစားသမား ဂိုလူးဘက်ဗ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အန်ဒီမာရေးက အနိုင်ရရှိခဲ့ပြီး ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အသက် (၂၇) နှစ်အရွယ် ဗြိတိန်ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား အန်ဒီမာရေးနှင့် ကမ္ဘာ့အဆင့် သတ်မှတ်ချက်အဆင့် (၅၃)တွင် ရပ်တည်လျက်ရှိသည့် ဂိုလူးဘက်ဗ်တို့သည် ပွဲငယ်လေးပွဲကစားပြီး အန်ဒီမာရေးက ဂိုလူးဘက်ဗ်ကို ၆-၁၊ ၆-၄၊ ၃-၆၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ အနိုင်ရရှိခဲ့ခြင်းသည် ပြီးခဲ့သည့်နှစ်က ကျောဒဏ်ရာကြောင့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် လွဲခဲ့ရသည့် အန်ဒီမာရေးအတွက် ၂၀၁၂ နောက်ပိုင်း ရိုလန်ဂါးရော့စ်၌ ပထမဆုံးနိုင်ပွဲလည်းဖြစ်ခဲ့ရသည်။ ထို့ကြောင့် ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးသည် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ နောက်တစ်ဆင့်တွင် ဒက်စတင်ဘရောင်းအား အနိုင်ရရှိခဲ့သည့် မာတိုဆီဗစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

[ငွေကြယ်]

မန်စီးတီးအသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိသေးဟု ဆက်ဂ်နာ ငြင်းဆို

အာဆင်နယ်အသင်း၏ ပြင်သစ်နောက်ခံကစားသမား ဘာကာရီဆက်ဂ်နာက မန်စီးတီးအသင်းနှင့် မိမိစာချုပ်ချုပ်ဆိုခဲ့သည်ဆိုသော သတင်းများမှာ မဟုတ်မှန်ကြောင်း ငြင်းဆိုသွားခဲ့သည်။ ဆက်ဂ်နာသည် အာဆင်နယ်အသင်းနှင့် စာချုပ် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး အာဆင်နယ်အသင်းကလည်း ဆက်ဂ်နာသာအသင်းပြောင်းပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရဖွယ်ရှိသည်။ ထို့ကြောင့် အာဆင်နယ်အသင်း၏ကစားသမားများကို ခေါ်ယူလေ့ရှိသော မန်စီးတီးအသင်းက ၎င်းကိုချိန်ရွယ်လာခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်တွင် ခေါ်ယူ စာချုပ်ချုပ်ဆိုနိုင်ရန် စီစဉ်လာခဲ့ခြင်းလည်း ဖြစ်သည်။ သို့သော် ဆက်ဂ်နာက "မန်စီးတီးအသင်းနဲ့ စာချုပ်ချုပ်ခဲ့ပြီဆိုတဲ့ သတင်းဟာ မဟုတ်မှန်ပါဘူး။ ကျွန်တော်ကတော့ အခုအချိန်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက်ကိုပဲ အာရုံစိုက်ထားမှာပါ။ နောက်ပြီးဘယ်အသင်းနဲ့မှလည်း သဘောတူညီမှု ရယူထားခြင်းလည်း မရှိပါဘူး"ဟု ပြောကြားခဲ့သည်။

[ကိုရဲ]

ကမ္ဘာ့ဖလားရင်ခုန်သံ - ၃

အုပ်စု (C) သုံးသပ်ချက်

ကိုလံဘီယာ၊ အိုင်ဗရီကို့စ်၊ ဂျပန်၊ ဂရိ

အုပ်စု (C) တွင်မူ ခြေစွမ်းညီမျှသောအသင်းများ ပါဝင်လျက်ရှိသည်။ ကိုလံဘီယာ၊ အိုင်ဗရီကို့စ်၊ ဂျပန်၊ ဂရိတို့မှာ အရည်အသွေးပိုင်းနှင့် အတွေ့အကြုံပိုင်းများ ကွာဟမှုမရှိပေ။ သို့သော် အဆိုပါ အုပ်စုတွင်း၌ ကိုလံဘီယာမှာမူ ကစားသမား အင်အားပိုင်း အတောင့်တင်းဆုံးဟု ဆိုရပေမည်။ ဖယ်ကာအိုဒဏ်ရာကြောင့် အဖွင့်ပွဲစဉ်များ၌ လွဲချော်နိုင်သော်လည်း ဂူတီရက်စ်၊ မာတီနက်ဇ်၊ ရိုဒရီဂွက်၊ အက်ဒရီယန်ရာမို့စ်တို့ကဲ့သို့သော ကစားသမားကောင်းများရှိနေပေသည်။ ထို့အပြင် ဂရိသည်လည်း အသင်းလိုက်ကစားပုံမာကျောသော အသင်းဖြစ်သည်။ အထူးသဖြင့် ဂရိသည် ခံစစ်ပိုင်းကျစ်လျစ်မှုရှိသော အသင်းဖြစ်သည်။ ဝါရင့်ကစားသမားများနှင့် ခြေစွမ်းပိုင်းကောင်းမွန်နေသော ကစားသမားများကိုလည်း တွဲဖက်ပေးထားနိုင်ခဲ့သည်။ ထို့ကြောင့် ကိုလံဘီယာနှင့် ဂရိတို့မှာ အုပ်စုကိုကျော်ဖြတ်ရန် ရေပန်းအစားဆုံးဖြစ်နေသည်။

သို့သော်ဒရော့ဘာ၊ ကိုလိုတိုရေး၊ ယာယာတိုရေး၊ ကာလူး၊ ဂါဗင်ဟိုတို့ကဲ့သို့သော ကစားသမားကောင်းများရှိနေသည့် အိုင်ဗရီကို့စ်သည်လည်း ခြေစွမ်းပိုင်းနှင့် အတွေ့အကြုံပိုင်း အားကောင်းသောအသင်းဖြစ်သည်။ ထို့ကြောင့် အိုင်ဗရီကို့စ်ကိုလည်း လျှော့တွက်၍မရပေ။ ဂျပန်မှာမူ ကစားသမားအင်အားအရ မဆိုးဟုဆိုရမည်။ ကာဂါဝါ၊ ဟွန်ဒါ၊ နာဂါတိုမို၊ အူချီဒါတို့ကဲ့သို့သော ဥရောပအခြေစိုက်ကစားသမားကောင်းများနှင့် အသင်းအားပေါင်းဖက်ဖွဲ့စည်းထားသည်။ ခြေစမ်းပွဲများတွင်လည်း ဘယ်လ်ဂျီယံကိုအနိုင်ကစားနိုင်ခဲ့သလို ဟော်လန်ကိုလည်း သရေကစားနိုင်ခဲ့သည်။ ၂၀၁၃ ကွန်ဖက်ဒရေးရှင်းဖလားတွင်လည်း အီတလီနှင့် မက္ကဆီကိုတို့ကို ခြေရည်တူကစားနိုင်ခဲ့သည်။ သို့သော် ဂျပန်သည် မာကျောမှုတွင်မူ ကျန်အသင်းများကို မမီပေ။ ထို့ကြောင့်ယခုအုပ်စုတွင် ကိုလံဘီယာနှင့် ဂရိတို့အုပ်စုကို ကျော်ဖြတ်နိုင်ခြေရှိနေပြီး အိုင်ဗရီကို့စ်မှာ ဖျက်မြင်းဖြစ်လာနိုင်သည်ဟု ဆိုချင်ပါသည်။

ရှိုင်းမင်းမင်း



ဆင်ဆာမဲ့ မြန်မာဗီဒီယိုခွေများကူးသူကို ဖမ်းဆီးအရေးယူ

ပဲခူး မေ ၂၈

ပဲခူးခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်မြင့်လွင်နှင့်အဖွဲ့၊ တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်တို့သည် သက်သေများနှင့်အတူ မေ ၂၆ ရက် မွန်းလွဲ ၂နာရီ မိနစ်၅၀ တွင် ပဲခူးမြို့ ဆိုရှယ်လစ် (၁၅)လမ်း ရှင်စောပုရပ်ကွက်တွင် ဆင်ဆာမဲ့ မြန်မာဗီဒီယိုဇာတ်လမ်းခိုးကူးခွေများ ကူးယူဖြန့်ချိရောင်းချနေကြောင်းသတင်းရသဖြင့် ဆိုရှယ်လစ်(၁၅)လမ်းနေ စည်သူ(ခ)ကျော်ဇင်လတ် (၃၁)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ Vilopy DVD အခွေကူးစက်တစ်လုံး၊ ZIP တံဆိပ်ပါ ကွန်ပျူတာမော်နီတာဘောက် တစ်လုံး၊ HG မန်မိုရီစတစ် တစ်ခု၊ LENOVO တံဆိပ်ပါ ၁၄ လက်မ မော်နီတာ တစ်လုံး၊ A4tech တံဆိပ်ပါ ကီးဘုတ် တစ်လုံး၊ မောက်စ် တစ်လုံး၊ ဇာတ်လမ်းခိုးကူးခွေ ၃၂၆ ချပ်၊ ဗွီစီဒီ အခွေလွတ် အချပ် ၄၅၀၊ သီချင်းခိုးကူးခွေ အချပ် ၆၁၀၊ ASUS တံဆိပ်ပါ အခွေကူးစက်အပျက် ငါးလုံး၊ ဒီဗွီဒီ၊ စီဒီ အခွေပျက် ၃၅၀၊ ဒီဗွီဒီ၊ စီဒီ အခွေထည့်သည့် အိတ်ခွံအလွတ် ၁၄၀ တို့ကို သိမ်းဆည်းရမိသဖြင့် စည်သူ(ခ)ကျော်ဇင်လတ်အား ပဲခူး မြို့မ ရဲစခန်းက (ပ) ၃၃၀/၂၀၁၄၊ ဗီဒီယိုအက်ဥပဒေပုဒ်မ ၃၂(က)၊ (ခ) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၅၇၈)

၁၀ ဘီးယာဉ်ပေါ်မှ ပိုင်ရှင်မဲ့သစ်များ ဖမ်းဆီးရမိ

သီပေါ မေ ၂၈

သီပေါမြို့နယ်၌ မေ ၂၇ ရက်က ၁၀ ဘီးယာဉ်ပေါ်မှ လျှို့ဝှက်စွာ တင်ဆောင်လာသည့် ပိုင်ရှင်မဲ့တမလန်းသားများကို စစ်ဆေးတွေ့ရှိရ၍ သစ်တောဥပဒေအရ သိမ်းဆည်း အရေးယူထားကြောင်း သိရသည်။

သီပေါမြို့ ပန်းတိမ်တောင်ရပ် မန္တလေး-လားရှိုးကားလမ်းမကြီးပေါ်၌ မေ ၂၇ ရက်နံနက် ၁၁နာရီခန့်က တရားမဝင်သစ်များ တင်ဆောင်လာသည့် ၁၀ ဘီးကားတစ်စီး ရပ်တန့်ထားကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ သီပေါမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမိုးနှင့် သစ်တောဝန်ထမ်းများသည် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲတပ်ဖွဲ့တို့နှင့်အတူ သွားရောက်စစ်ဆေး ကြည့်ရှုခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် ၁၀ ဘီးယာဉ် အမှတ် ၅ခ/. . . ပေါ်၌ အပေါ်မှ ပြောင်းဖူးအိတ်များ ဖုံးအုပ်ပြီး တင်ဆောင်လာသည့် တမလန်းသစ်များကို တွေ့ရှိရပြီး ယာဉ်မောင်းနှင့် ယာဉ်ပိုင်ရှင်မှာ ရှာမတွေ့ဘဲ ကြိုတင်ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါ ၁၀ဘီးယာဉ်ကို သစ်တောဦးစီးဌာနဝင်းအတွင်းသို့ မောင်းယူလာပြီးယာဉ်ပေါ်မှ သစ်များကိုချ၍ စစ်ဆေးခဲ့ရာ တမလန်းသစ်ဆိုဒ်မျိုးစုံ ၇၉ ချောင်း စုစုပေါင်း ၃ ဒသမ ၇၉၆ တန် **(အပေါ်ပုံ)** စစ်ဆေးတွေ့ရှိရသဖြင့် သစ်တောဥပဒေအရ သိမ်းဆည်းအရေးယူထားကြောင်း သိရသည်။

(ကိုလတ်)

ဆီတိုင်ကီများမှ ရေတိုင်ကီများဖြစ်နေ၍ တာဝန်ရှိသူများအား အရေးယူ

အိမ်မဲ မေ ၂၈

အိမ်မဲမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဌာန မြို့မဆီသိုလှောင်ရုံတွင် ထားရှိသော ဆီတိုင်ကီများကို သက်ဆိုင်ရာကစစ်ဆေးရာ ရေတိုင်ကီများဖြစ်နေသဖြင့် တာဝန်ရှိသူများအား အရေးယူထားကြောင်းသိရသည်။

မြောင်းမြခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဌာန ခရိုင်ဦးစီးမှူး ဦးဌေးကြိုင်သည် မေ ၁၄ရက် မွန်းလွဲ ၂ နာရီခန့်က တာဝန်ရှိသူများနှင့်အတူ အိမ်မဲမြို့နယ် မြို့မဆီသိုလှောင်ရုံတွင်ထားရှိသော ဒီဇယ်ဆီ ၁၁၈၅၄ ဒသမ ၂၆ ဂါလန်ကို စစ်ဆေးကြည့်ရှုရန် သွားရောက်ခဲ့ကြရာ အိမ်မဲမြို့နယ် စက်သုံးဆီသိုလှောင်ရုံ တာဝန်ခံ စောဝင်းထိန် ဒုတိယလက်ထောက်ဦးစီးမှူး ထိန်ငူကျေးရွာ အိမ်မဲမြို့နေသူသည် ကြိုတင်အသိပေးထားသော်လည်း ရောက်ရှိလာခြင်းမရှိသဖြင့် ခရိုင်ဦးစီးမှူး ဦးဌေးကြိုင်နှင့် တာဝန်ရှိသူများက အသိသက်သေများနှင့်အတူ သိုလှောင်ရုံအတွင်းရှိ ဆီတိုင်ကီများကို ဖွင့်ဖောက်စစ်ဆေးကြရာ အပေါ်ယံ ဒီဇယ်တစ်လက်မခန့်သာရှိသော ရေတိုင်ကီများဖြစ်နေကြောင်း တွေ့ရှိရသည်။

ခရိုင်ဦးစီးမှူး ဦးဌေးကြိုင်သည် မေ ၂၄ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ဌာနဆိုင်ရာ ဒီဇယ်ဆီများကို အလွဲသုံးစားပြုလုပ်သော သိုလှောင်ရုံတာဝန်ခံ စောဝင်းထိန်နှင့် ထိန်းသိမ်းကွပ်ကဲရန် တာဝန်ရှိသူ မြို့နယ်ဦးစီးမှူး ဦးမြင့်ဆွေ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန အိမ်မဲမြို့နေသူတို့အား အရေးယူပေးရန် တိုင်တန်းသဖြင့် အိမ်မဲမြို့မရဲစခန်းက (ပ)၄၅-၁၄-ပြစ်မှုပုဒ်မ-၄၀၉ဖြင့် အမှုဖွင့်ပြီး အရေးယူဆောင်ရွက်လျက်ရှိကာ ဂိုဒေါင်တာဝန်ခံ စောဝင်းထိန်အား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၅၂)

မြောင်းမြမြို့ရှိ ရွှေမောင်းဆန်စက်၌ မီးလောင်မှုဖြစ်ပွား

မြောင်းမြ မေ ၂၈

မြောင်းမြမြို့ မြရတနာရပ်ကွက် နဝရတ်လမ်းရှိ ရွှေမောင်းဆန်စက်၌ မေ ၂၈ရက် ည ၁၂နာရီခွဲက မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ည ၁၂နာရီခွဲတွင် ဆန်စက်အင်ဂျင်ခန်းနှင့် ဖွဲဂိုဒေါင်ကြားရှိ ပျဉ်ကာထားသည့် နံရံ၌ တပ်ဆင်ထားသော လျှပ်စစ်ဒါးမိန်းမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး နံနက် ၁နာရီတွင် မီးညွန့်ကျိုးကာ ၁ နာရီခွဲခန့်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ မီးလောင်ကျွမ်းမှုကြောင့် အလျား ၃၅ပေ အနံ ၂၅ ပေ အမြင့် ၂၄ ပေရှိ သွပ်မိုးသွပ်ကာ စက်အင်ဂျင်ခန်းနှင့် အလျား ပေ ၃၀ အနံ ပေ ၂၀ အမြင့် ၂၄ ပေရှိ သွပ်မိုးသွပ်ကာ ဖွဲဂိုဒေါင်တို့ မီးလောင်ကျွမ်းခဲ့ပြီး တစ်တင်းခွဲဝင် ပီနံအိတ်ဖြင့် ထည့်ထားသော ဖွဲနု အိတ် ၁၂၀၊ တစ်တင်းခွဲဝင် ပီနံအိတ်ဖြင့်ထည့်ထားသော ဆန်ကွဲနုအိတ် ၆၀ တို့ မီးလောင်ကျွမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ လျှပ်စစ်မီးအား ပေ့ါဆစွာသုံးစွဲခဲ့သူ ရွှေမောင်းဆန်စက်ပိုင်ရှင် ဦးကြည်နိုင်ဦးအား မြောင်းမြမြို့မရဲစခန်းက (ပ) ၁၉၈/၂၀၁၄ ၊ပြစ်မှုပုဒ်မ -၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ဇော်မင်းသွင်)

ရွှေကျင်မြို့နယ်၌ လူတစ်ဦး ရေနစ်သေဆုံး

ရွှေကျင် မေ ၂၈

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဝင်းကံကျေးရွာနှင့် ညောင်ခြေထောက်ကျေးရွာချင်းဆက်တာပေါင်လမ်းဘေး အနက်လေးပေရှိ ရေအိုင်ထဲတွင် မေ ၂၆ ရက် ညနေ ၄ နာရီခွဲခန့်က အသက် (၂၈)နှစ်ခန့်ရှိ အမျိုးသားတစ်ဦး ရေနစ်သေဆုံးနေကြောင်း သတင်းအရ ကွင်းဆိပ်နယ်မြေရဲစခန်းမှ ဒုရဲအုပ် သန်းထွန်း ဦးစီးရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ အမည်နှင့် နေရပ်စုံစမ်းဆဲဖြစ်သည့် အဆိုပါသေဆုံးသူ၏ ခန္ဓာကိုယ်တွင် ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရှိရ၍ ကွင်းဆိပ်နယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၁/၂၀၁၄ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

စည်သူ(၆၈)မှသူငယ်ချင်းများသို့

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၈) စည်သူတပ်ခွဲ၏ (၂၉)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်အထိမ်းအမှတ် ဝတ္ထုငွေ လှူဒါန်းခြင်း၊ သံဃာတော်များအား ဆွမ်းကပ်ခြင်း၊ ဆရာကန်တော့ခြင်း၊ မိတ်ဆုံညစာစားပွဲပြုလုပ်ခြင်း၊ ဂေါက်သီးရိုက်ခြင်းများကို အောက်ပါအတိုင်း ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး တက်ရောက်ပါဝင်ဆင်နွှဲကြပါရန် ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်

(က) ၃၁-၅-၂၀၁၄(စနေနေ့) ။ ၉း၃၀နာရီ ဆရာကန်တော့ခြင်း၊ ၁၀း၀၀နာရီ ဝတ္ထုငွေလှူဒါန်းခြင်း ကျဆုံး၊ သေဆုံးသွားသော သူငယ်ချင်းများအား ရည်စူး၍ တရားနာ၊ ရေစက်ချ၊ အမျှပေးဝေခြင်း၊ သံဃာအပါး (၁၅၀)အား နေ့ဆွမ်းဆက်ကပ်ခြင်း

နေရာ။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်(စွယ်တော်မြတ်စေတီရှေ့)ဂိတ်(၃)၊ ဂိတ်(၄)မှ ဝင်ပါရန်။

(သူငယ်ချင်းအားလုံး၊ မိသားစုများပါကြွရောက်ပါရန်)

(ခ) ၃၁-၅-၂၀၁၄ရက်(စနေနေ့) ။ ၁၈း၃၀နာရီမိတ်ဆုံစားပွဲ ရွှေရှမ်းကန်စားသောက်ဆိုင်၊ အင်းယားလမ်း၊ တက္ကသိုလ်လေ့လှော်ရွက်တိုက်အသင်းအနီး။

(မိသားစု၊ သားသမီးများပါ အားလုံးကြွရောက်ပါရန်)

(ဂ) ၁-၆-၂၀၁၄ (တနင်္ဂနွေနေ့)။ ၁၂း၃၀နာရီတွင်တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)၌ ဂေါက်သီးရိုက်ပြိုင်ပွဲပြုလုပ်ပြီး ၁၈း၃၀နာရီတွင် ဆုချီးမြှင့်ပွဲ၊ ညစာစားပွဲအား ORIENTAL HOUSE RESTAURANT မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့။ ဆက်သွယ်ရန်ဖုန်း-၀၉-၄၉၂၂၈၆၉၅၊ ၀၉-၅၁၉၄၈၀၄၊ ၀၉-၅၀၂၁၅၈၄၊ ၀၉-၇၃၀၄၆၂၇၁

နေပြည်တော်

(က) ၃၁-၅-၂၀၁၄ ရက် (စနေနေ့) ။ ၆း၀၀ နာရီ နေပြည်တော်စည်ပင်ဂေါက်ကွင်းတွင် ဂေါက်သီးရိုက်ပြိုင်ပွဲပြုလုပ်ခြင်း

(ခ) ၃၁-၅-၂၀၁၄ ရက်(စနေနေ့) ။၁၁း၀၀ နာရီ နေပြည်တော် သပြေကုန်းဈေးအနီး၊ မစိုးရိမ်တိုက်သစ်ကျောင်းတွင် သံဃာအပါး ၁၈၀ အား နေ့ဆွမ်းဆက်ကပ်ခြင်း တရားနာရေစက်ချ လှူဒါန်းခြင်း။

(ဂ) ၃၁-၅-၂၀၁၄ ရက်(စနေနေ့) ။ ၁၈း၃၀ နာရီ FEEL စားသောက်ဆိုင်တွင် ညစာစားပွဲပြုလုပ်ခြင်း။ ဆက်သွယ်ရန် ။ ဖုန်း-၀၉-၈၆၂၁၈၅၁၊ ၀၉-၅၀၂၆၂၃၃

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်(၂၀၃)နေ
ဦးဖွဲ့သန်း-ဒေါ်သန်းသန်းဌေး(ပြည့်စုံဖိနပ်ဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏ တစ်ဦးတည်းသောသား၊
ဒေါက်တာယဉ်မေသန်း၏မောင်

ဒေါက်တာအောင်မွန်ကျော် **M.B.,B.S(YGN)**

နှင့်

ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်း၊ အမှတ်(၂၃၄)၊ Sule Mogok Towerနေ
ဦးခင်မောင်ကြည် (အတွင်းရေးမှူး-၃၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်)
(Chairman,Sule Mogok Gems Trading Co.,Ltd.)-ဒေါ်ခင်သန်းခိုင်
(MD,Khine Mingalar Gems & Jewellery Co.,Ltd.)တို့၏သမီးဦး

မဆုရည်မွန်ဇင်(ခ)**SWEETY**
Bachelor of Business and Commerce (Monash University,Australia)
Master of International Business (Monash University Australia)
Managing Director (Sule Mogok Pty Ltd,Australia)

တို့၏ ၃-၅-၂၀၁၄ ရက် Sedona Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးမြင့်အားလည်းကောင်း၊ ၄-၅-၂၀၁၄ရက် ဓမ္မစေတီကျောင်းတိုက်တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၂-၅-၂၀၁၄ ရက် Sedona Hotelတွင် ကျင်းပပြုလုပ်ခဲ့သော စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်မကြွရောက်နိုင်၍ လက်ဆောင်မွန်ပေးပို့ကြပါသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်နှင့်ဇနီးဒေါ်ကြည်ကြည်ဝင်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်းနှင့်ဇနီး ဒေါ်မာမာဦး၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးတေဇနှင့်ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်လူကြီးများနှင့် ရပ်ဝေးမှမိတ်ဆွေများအားလည်းကောင်း၊ စုလျားရစ်ပတ်လက်ထပ်မင်္ဂလာပွဲ၌ မင်္ဂလာနာယကကြီးများအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းဆွေ(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)နှင့် ဇနီးဒေါ်အေးသန္တာတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးစံမျိုး (ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်)နှင့် ဇနီးဒေါ်ခင်စန်းဝင်း တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များချီးမြှင့်ပေးပါသော ဒေါက်တာဦးထင်ပေါ်[ဒုတိယဥက္ကဋ္ဌ၊ ပုဂ္ဂလိကမြန်မာနိုင်ငံဆေးရုံများအသင်း၊ CEO(အကယ်ဒမီနှင့်ဆာကူရာဆေးရုံ)]နှင့် ဇနီးဒေါ်အေးအေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာဘိသိတ်အကျိုးတော်ဆောင် ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းအား စောင်းဖြင့်ကိုယ်တိုင် တီးခတ်သီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မကျော့ကေခိုင်၊ မချစ်ပိုပိုကျော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာမိုးနှင်းဖြူမြင့်လွင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဆုဇင်ဇင်၊ မင်္ဂလာသတို့သားအရံများအဖြစ် ဆောင်ရွက်ပေးကြပါသော ဒေါက်တာဝင့်ကြည်ညွှန့်နှင့် မောင်ကျော်ဇေယျ၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးကြပါသော မချမ်းငြိမ်းစုနှင့် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် မမြနှင်းရည်လွင်တို့အားလည်းကောင်း၊ လက်ဝတ်ရတနာများကို မေတ္တာဖြင့် ဆင်မြန်းပေးပါသော (Win & Sanရတနာ)အား လည်းကောင်း၊ မင်္ဂလာဝတ်စုံများ ချုပ်လုပ်ပေးပါသော ဒီဇိုင်နာ ကိုမင်းသက်စံ(Sweet & Smart Fashion Collection)အားလည်းကောင်း၊ မင်္ဂလာပိုးထည်များ ရက်လုပ်ပေးပါသော ကိုစန်းနိုင်(နန်းနွယ်ပိုးထည်တိုက်၊ စစ်ကိုင်း)အားလည်းကောင်း၊ မိတ်ကပ်မေဦးနှင့်အဖွဲ့၊ ပန်းအလှပြင် ကိုသန်းမြင့်(မလေးရှား)၊ မင်္ဂလာအခမ်းအနားအလှပြင် ကိုကိုကြီးနှင့်ညီများ၊ မင်္ဂလာစတိတ်စင်အလှဆင် ကိုအောင်ကျော်ထွန်း(လက်ာဒီပ)အဖွဲ့သားများအားလည်းကောင်း၊ Pre -Wedding ဓာတ်ပုံ၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ကိုဝဏ္ဏခွါနီး(Focus Daily)အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာမောင်နှံအတွက် မေတ္တာဖြင့် ကားစီစဉ်ပေးပါသော ကိုထွန်းအာကာကျော်နှင့် မအေးသွဲ့သွဲ့ငြိမ်းတို့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ ၁၂-၅-၂၀၁၄ရက် ည၌(Royal Ayarwaddy Cruise)သင်္ဘောပေါ်တွင် ကျင်းပခဲ့သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော လူကြီးမိဘမိတ်ဆွေသူငယ်ချင်းများလည်းကောင်း၊ မင်္ဂလာပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူး တင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်ဒေါက်တာအောင်မွန်ကျော်-မဆုရည်မွန်ဇင်

ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာတချို့ ရေလုံလောက်မှု မရှိ

ကျောက်ပန်းတောင်း၊ မေ ၂၈

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာတချို့တွင် ရေလုံလောက်မှုမရှိသဖြင့် ယင်းကျေးရွာများနှင့် အလှမ်းဝေးသောနေရာများမှ ရေဝယ်ယူရခြင်းများရှိလာခြင်းကြောင့် မြို့ပေါ်မှရေအလှူရှင်များအား စောင့်မျှော်လျက်ရှိနေကြကြောင်း သိရသည်။

နွေရာသီ ကာလရှည်ကြာလာသည်နှင့်အမျှ အညာဒေသ၏ဖြစ်ရိုးဖြစ်စဉ်အတိုင်း မိုးရေလှောင်ကန်များတွင် ရေနည်းခြင်း၊ ရေကုန်ခန်းခြင်းများ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

ယင်းကျေးရွာများတွင် မိုးရာသီစိုက်ပျိုးချိန်မရောက်မချင်း ဝင်ငွေအခွင့်အလမ်း နည်းပါးနေဦးမည့် မိသားစုများမှာ ငွေပေး၍ ရေဝယ်ယူရန်ပင် ခက်ခဲနေသည့်အချိန်ကာလဖြစ်သောကြောင့် ရေလှူဒါန်းသူအလှူရှင်များကလည်း သဒ္ဓါတရားပြည့်ဝစွာဖြင့် စုပေါင်းလှူဒါန်းခြင်း၊ တစ်သီးပုဂ္ဂလလှူဒါန်းခြင်းများ ဆောင်ရွက်ပေးနေကြကြောင်း သိရသည်။

မေ ၂၄ ရက်က ရေလှူယာဉ် (ဘောက်ဆာကား) တစ်စီး ဆုံရွာကျေးရွာအုပ်စု ရိုးခြားရွာလေးတွင် ရေလှူဒါန်းမှုများလည်းရှိကြောင်းသိရသည်။

အဆိုပါရေကားမှာ ယခု ရိုးခြားရွာသို့ ပဥ္စမအကြိမ်မြောက် လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်းလည်း သိရသည်။

"ဒီရေလှူယာဉ် (ဘောက်ဆာကား) ပိုင်ရှင်က ကျောက်ပန်းတောင်းမြို့ ဦးဘိုကျော်နှင့် ဇနီးဒေါ်သန်းယုဆွေ (မေယုရွှေပန်းထိမ်)မိသားစုပါ။ နွေရာသီရောက်ရင် အခုလို ရေခက်ခဲတဲ့ ကျေးရွာတွေကို နှစ်စဉ်လှူသွားဖို့ ရည်ရွယ်ချက်နဲ့ သီးသန့်ဝယ်ထားတာပါ။ ရေလိုအပ်လို့ အကူအညီတောင်းတဲ့ရွာမှန်သမျှ နီးနီးဝေးဝေး သွားလှူပေးပါတယ်။ အနီးအဝေး ပျမ်းမျှတွက်ကြည့်ရင်တော့ ရေကားတစ်ခေါက်ကို ကျပ် ၂၀၀၀၀ လောက် ကျမှာပေါ့။ တစ်နေ့ကိုအနည်းဆုံး နှစ်ခေါက်ပို့ရပါတယ်။ တချို့ရက်တွေမှာတော့ မဖြစ်မနေလိုအပ်တဲ့ရွာရှိရင်လည်းရှိသလို သုံးခေါက်အထိပို့ရပါတယ်။ တပေါင်းလဆန်းကတည်းက နေ့စဉ်လှူလာတာ အခုဆို သုံးလပါးရှိပါပြီ။ ကာပိုင်ရှင်က ကား၊ ရေ၊ ဆီလိုသလောက်လှူနေတာဆိုတော့ ကျွန်တော်ကလည်း ကုသိုလ်ယူတဲ့အနေနဲ့ ယာဉ်မောင်းခမယူဘဲ မောင်းပေးနေတာပါ။

တချို့ရွာတွေကတော့ သူ့အဆက်အနွယ်နဲ့သူ ရေဖိုးသီးခြားလှူတာမျိုးရှိပါတယ်" ဟု ရေအလှူကားမောင်းသူ ဦးအေးလွင်က ပြောသည်။

ရိုးခြားရွာလေးသည် အိမ်ခြေ ၈၀ ကျော်ခန့်သာရှိသည့် ရွာလေးဖြစ်ပြီး မိသားစုတိုင်းလိုလိုပင် ဝါးပိုးဝါးကိုကုန်ကြမ်း အဖြစ်အသုံးပြု၍ ပို/တောင်း လုပ်သည့်အလုပ်ဖြင့် အလုပ်နှင့်လက် ပြတ်သည်မရှိကြသော်လည်း ယာမြေဧက ကျယ်ကျယ်ဝန်းဝန်းမရှိကြဘဲ တောင်းလုပ်သည့်အလုပ်ကို အဓိကမှီခိုသူများသဖြင့် အများစုမှာချို့တဲ့နွမ်းပါးကြသည်ကို တွေ့ရှိရသည်။

"ဟိုးလွန်ခဲ့တဲ့ငါးနှစ်လောက်တုန်းကတော့ ဒီဘုန်းကြီးကျောင်းရဲ့ အနောက်ဘက်နားမှာ စက်ရေတွင်းတူးဖူးတယ်။ အဲဒီတုန်းက နှစ်နေရာရွှေ့တူးခဲ့ရတယ်။ ရေထွက်တယ်။ သောက်လို့မကောင်းဘူး။ နောက်တော့ တွင်းလည်းပျက်သွားတယ်။ မနှစ်က စက်ရေတွင်းထပ်တူးတယ်။ သုံးနေရာလောက်ရွှေ့ပြီး ခက်ခက်ခဲခဲနဲ့ တူးခဲ့ကြတာ။ ရွာအနောက်ဘက်ကျမှ ရေကြောတွေ့တယ်။ တူးတယ်။ ရေထွက်တယ်။ ပထမရက်တော့ရေကောင်းတယ်။ နောက်ရက်ကျတော့ ရေအရောင်က ဝါကျင့်ကျင့်ဖြစ်လာပြီး အရသာကချဉ်လာတယ်။ ဒါနဲ့ အဲဒီတွင်းလည်းမသုံးတော့ဘဲ ပိတ်ထားလိုက်ရတယ်။ ကျုပ်တို့အမြင်အရပြောရမယ်ဆိုရင်တော့၊ ကျုပ်တို့ရွာနားမှာ ကန်တွေရှိပါတယ်။ ရွာအရှေ့မြောက်ဘက်မှာ ကန်သစ်ကန်ရှိတယ်။ ရေဝင်ကောင်းတယ် ကန်ကနည်းနည်းကျဉ်းတော့ အဲဒါမျိုးကိုရေအဝင်များအောင် ကန်ချဲ့တာတို့ ပေါင်မြှင့်တာတို့ လုပ်ပေးစေချင်ပါတယ်ဗျာ" ဟု ရိုးခြားရွာသား ဦးတုတ်ကြိုင်က သူ့အမြင်ကိုပြောသည်။

အဆိုပါရိုးခြားရွာအနီးတွင် ကန်သစ်ကန်နှင့် အနောက်ဘက်ကန်ဟူ၍ မိုးရေလှောင်ကန်နှစ်ကန်ရှိပြီး ထိုကန်များရေကုန်ခန်းသွားပါက ယင်းရွာ၏ အရှေ့ဘက်ရှိ ကြောင်ဒူးရွာအနီးမှ ဖိုးသူကြီးကန်သို့ သွားရောက် ခပ်ယူကြရကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

လာရောက်လှူဒါန်းသည့် ရေလှူယာဉ်မှ ရေများအား ကျေးရွာသူ၊ ကျေးရွာသားများမှ လာရောက်ယူဆောင်နေစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ် ၂၀၁၄ – ၂၀၁၅ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ

ဒီပဲယင်း၊ မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၌ မေ ၂၆ ရက် နံနက် ၁၀ နာရီက ဒီပဲယင်း အ.ထ.က ရွှေဝါမြေခန်းမတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို ကျင်းပခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက အခမ်းအနားသို့ တက်ရောက်၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး၊ ကလေးအားလုံး စာသင်ခန်းအတွင်းသို့ ရောက်ရှိရေးနှင့် စာတတ်မြောက်ပြီး ကျောင်းနေမြဲရေးအတွက် မိဘ၊ ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူအားလုံးက ပူးပေါင်းကူညီဆောင်ရွက်ကြရန် အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇင်မင်းထင်က မြို့နယ်အတွင်း ပညာရေးကဏ္ဍတိုးတက်မှုများနှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် လူတိုင်းပညာသင်ယူနိုင်ရေးအတွက် မူလတန်းအဆင့်ကို အခမဲ့ပညာသင်ကြားရေးသာမက ယခုနှစ်ပညာသင်နှစ်ကစပြီး အလယ်တန်းအဆင့်ပါ အခမဲ့ပညာသင်ယူနိုင်အောင် နိုင်ငံတော်အစိုးရအနေဖြင့် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း ၎င်းကပြောသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက ဗလာစာအုပ် ၁၀ ဒါဇင်၊ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇင်မင်းထင်က ဗလာစာအုပ် ၁၀ ဒါဇင်၊ မြို့မိမြို့ဖ ဌာနဆိုင်ရာ၊ (NGO) အဖွဲ့အစည်းများက စုပေါင်း၍ ဗလာစာအုပ် ဒါဇင် ၁၈၀ စုစုပေါင်း ဗလာစာအုပ် ဒါဇင် ၂၀၀ လှူဒါန်းထောက်ပံ့ပေးခဲ့သည်။ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး အခမ်းအနားသို့ ကျောင်းသားမိဘ၊ ကျောင်းသား၊ ကျောင်းသူ ၃၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်လင်း(ပြန်/ဆက်)

သတင်းတို

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ကရင်ပြည်နယ်၊ အမှတ်(၃၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မြဝတီ) မှ တပ်ဖွဲ့ဝင်များသည် မေ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ မြဝတီမြို့၊ ၅ ရပ်ကွက်၊ စိုက်ပျိုးရေးဇုန်၊ ၁၈ ဂိတ်အနီးနေ သန်းအောင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ညီညီ၊ လာခို(ခ)ကျော်ဌေး၊ ချမ်းမြေ့အောင်၊ ဇင်မင်းလတ်၊ ဇော်မင်းမောင်နှင့် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကိုးအိမ်စုရပ်ကွက်နေ ချစ်ဝင်းတို့အား တွေ့ရှိပြီး နေအိမ်နောက်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅ ပြား၊ တန်ဖိုးငွေကျပ် ၃၄၅ သိန်းအား သိမ်းဆည်းရမိခဲ့သောကြောင့် သန်းအောင်ပါခုနစ်ဦးအား မြဝတီမြို့မရဲစခန်းက မယ(ပ)၂၇/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

SEVEN ô

ကြော်ငြာ

Blowing Machine , Blowing Moulding
Injection Machine , Injection Moulding
Compressor များရောင်းရန်

EDE
Car Computer, Engine, Hybrid, Iginition, Cooling, Lubrication, Sensor, EFI, ABS, Traction Control, ESC, Emission, System Diagram, Wiring, DTC, Live Data, Active test, Fail Safe and Adaptation, Scan tool, All Data, Auto Data, Mitchell
to contact:
09 4211 444 95
09 4211 444 96
09 4211 444 97
Engine Doctor Engineering

မြင်းခြံမြို့နယ်တွင် မြေပဲနှင့် ပဲစင်းငုံများ စတင်စိုက်ပျိုး

မြင်းခြံ၊ မေ ၂၈

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့မြောက်ဘက်ရှိ ဇီးပင်ကန်ကျေးရွာ၊ ကျောက်ကန်ကျေးရွာ သစ်ရုံကျေးရွာ စသည့်ကျေးရွာများရှိ တောင်သူများမှာ မြေပဲနှင့် ပဲစင်းငုံအား အဓိကစိုက်ပျိုးသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

ထိုကျေးရွာများသည် မိုးနည်းပါးပြီး ရေရှားပါးသဖြင့် မိုးကိုသာ အဓိကအားကိုး စိုက်ပျိုးရသော မိုးကောင်းသောက်စိုက်ပျိုးမြေများဖြစ်ပြီး လွန်ခဲ့သော ၁၀ ရက်ခန့်က မြင်းခြံမြို့တွင် မိုးမရွာခဲ့သော်လည်း ထိုကျေးရွာများတွင် မိုးရွာသွန်းခဲ့သဖြင့် တောင်သူများ မြေပဲနှင့်ပဲစင်းငုံကို စိုက်ပျိုးပြီးဖြစ်ကြောင်း၊ မစိုက်ရသေးသည့်အခင်း အနည်းငယ်သာရှိတော့ကြောင်းနှင့် စိုက်ပျိုးပြီးသောအခင်းမှ အပင်ငယ်များမှာလည်း သန်စွမ်းစွာထွက်ရှိနေကြောင်း သိရသည်။

ဇီးပင်ကန်ကျေးရွာမှ တောင်သူကြီး ဦးအောင်ဝင်းနှင့် ဦးကျော်စံတို့က မြေပဲနှင့်ပဲစင်းငုံကို မြေတစ်ဧကလျှင် မြေပဲဆန်မျိုး တစ်တင်းခွဲ စိုက်ရပြီး ပဲစင်းငုံကို မြေပဲစိုက်မြောင်းရှစ်မြောင်းကြား တစ်မြောင်းထည့်စိုက်ကြောင်း၊ မြေတစ်ဧကလျှင် မိုးဦးမကျမီ နွားချေးအနည်းဆုံး လှည်းသုံးစီးတိုက်ထည့်ပြီး မြေပြုပြင်ထားရကြောင်း၊ ယခုလို မိုးကျသည့်ရက်များတွင် စတင်စိုက်ပျိုးကြကြောင်းငင်းတို့က ပြောသည်။

ယခု သုံးလပဲခေါ် နွေမြေပဲကို အများအားဖြင့် ပိုးသတ်ဆေးမသုံးစွဲရကြောင်း၊ ဆောင်းမြေပဲသာလျှင် ပိုးသတ်ဆေးသုံးစွဲရကြောင်း၊ မြေပဲတစ်ဧကစိုက်ပျိုးလျှင် အနည်းဆုံး ၃၅ တင်းထွက်ရှိပြီး၊ မိုးကောင်းပါက ၄၅ တင်းမှ တင်း ၅၀ အထိ ထွက်ရှိကြောင်း ငင်းတို့က ပြောသည်။

သီးညှပ်အဖြစ်စိုက်ပျိုးသော ပဲစင်းငုံမှာလည်း ရှစ်တင်းနှင့် ၁၀ တင်းကြားထွက်ရှိ၍ အပိုဝင်ငွေရကြောင်း၊ ပဲစင်းငုံအား စိုက်ပျိုးရသည်မှာ မိဘဘိုးဘွားများပြောကြားသလို၊ မျိုးအိုးထဲတွင် ကြာကြာမနေရသည့် ပဲမျိုးဖြစ်ကြောင်း၊ စိုက်ချိန်မှထွက်ရှိချိန်ထိ ရှစ်လ၊ ကိုးလကြာသဖြင့် မျိုးအိုးထဲကြာကြာနေသောမျိုးက နှမ်းယဉ်မျိုးဖြစ်ကြောင်း၊ နှမ်းယဉ်မှာ သုံးလလောက်စိုက်ပြီး ကိုးလလောက်သိမ်းထားရကြောင်း ပြောသည်။

ယခင်နှစ်မြေပဲပေါ်ချိန်က အခင်းကထွက်ရှိပြီး အစိုကိုတစ်တင်းလျှင် ကျပ် ၇၀၀၀ ရောင်းချရကြောင်း၊ အခြောက်လှမ်းပြီးပါက တစ်တင်းလျှင် ကျပ် ၈၅၀၀ နှင့် ကျပ် ၁၀၀၀၀ ကြားရောင်းချရကြောင်း၊ ထွက်ရှိသောမြေပဲများကို မြင်းခြံမြို့ပေါ်ရှိ ဆီစက်များမှ တိုက်ရိုက်လာရောက်ဝယ်ယူသဖြင့် အဆင်ပြေကြောင်းတို့ကို လည်း ပြောသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ဘားအံမြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကရင်ပြည်နယ် အင်ဂျင်နီယာမှူးရုံး၌ အီတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပ

ဘားအံ၊ မေ ၂၈

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကရင်ပြည်နယ်အင်ဂျင်နီယာမှူးရုံးတွင် ကရင်ပြည်နယ်၊ ဘားအံ၊ ကော့ကရိတ်၊ ဖာပွန်ခရိုင်များအတွင်းရှိ မြို့နယ်များနှင့် မြို့နယ်ခွဲများ၌ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သော အုတ်၊ သဲ၊ ကျောက်၊ သံသည့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အီတ်ဖွင့်တင်ဒါဖွင့်ပွဲအခမ်းအနားအား မေ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဖာပွန်ခရိုင်သို့ တင်ဒါတင်သွင်းလာသော ပစ္စည်းဈေးနှုန်းများအား စိစစ်ရွေးချယ်ခြင်းနှင့် ဖာပွန်ခရိုင်မှ မှတ်တမ်းတင်ခြင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကော့ကရိတ်ခရိုင်သို့ တင်သွင်းလာသော ပစ္စည်းဈေးနှုန်းများအား စိစစ်ရွေးချယ်ခြင်းနှင့် ကော့ကရိတ်ခရိုင်မှ မှတ်တမ်းတင်ခြင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဘားအံခရိုင်သို့ တင်သွင်းလာသော ပစ္စည်းဈေးနှုန်းများအား စိစစ်ရွေးချယ်ခြင်းနှင့် ဘားအံခရိုင်မှ မှတ်တမ်းတင်ခြင်း၊ လမ်းအထူးအဖွဲ့ (၉)သို့ တင်ဒါကင်းလွတ်လာသော ပစ္စည်းဈေးနှုန်းများအား စိစစ်ရွေးချယ်ခြင်းနှင့် လမ်းအထူးအဖွဲ့(၉)မှ မှတ်တမ်းတင်ခြင်း၊ တံတားအထူးအဖွဲ့(၆)သို့ တင်ဒါတင်သွင်းလာသော ပစ္စည်းဈေးနှုန်းများအား စိစစ်ရွေးချယ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ တံတားအထူးအဖွဲ့(၁၃)သို့ တင်ဒါတင်သွင်းလာသော ပစ္စည်းဈေးနှုန်းများအား စိစစ်ရွေးချယ်ခြင်းနှင့် တံတားအဖွဲ့(၁၃)မှ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရေး အီတ်ဖွင့်တင်ဒါ အခမ်းအနားသို့ ပြည်တွင်းလုပ်ငန်းရှင်များမှ တက်ရောက်ခဲ့ကြပြီး ဈေးပြိုင်အီတ်ဖွင့်တင်ဒါများကို ဖွင့်လှစ်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ကလည်း တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ရွေးချယ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

ကလေးဝ၊ မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၏ စီစဉ်လမ်းညွှန်မှုဖြင့် ဆည်ကြီးကျေးရွာနှင့် ဂဇက်ကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက် မြေသားလမ်း အရှည်ငါးမိုင်ကို ကလေးဝမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ပြည်သူများပူးပေါင်းကာ စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်လျက်ရှိရာ မြေသားလမ်းအရှည် လေးမိုင်ဖောက်လုပ်ပြီးစီးပြီဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကလေးခရိုင်၊ ကလေးဝမြို့နယ် မဟာမြိုင်လမ်းမနှင့် ချင်းတွင်းမြစ်အကြားတွင် ကျေးလက်ဒေသ ကျေးရွာပေါင်း ၅၀ ကျော်ရှိပြီး လူဦးရေ ၂၂၀၀၀ ကျော်နေထိုင်ကာ အဆိုပါကျေးလက်နေပြည်သူများသည် လမ်းပန်းဆက်သွယ်ရေးအတွက် ကုန်းလမ်းဖြင့် သွားလာရာတွင် လူသွားလမ်းသာအသုံးပြုကြပြီး သွားလာရေးအလွန်ခက်ခဲလျက် ချင်းတွင်းမြစ်ရေလမ်းကြောင်းတစ်လမ်းကိုသာ အားကိုးအားထားပြု အသုံးပြုကြသည်။

ယင်းကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ရန်အတွက် ကလေးဝမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ နှစ်စဉ်ရရှိသည့် ဘဏ္ဍာငွေပေါ်မူတည်လျက် ကျေးလက်တံတားခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ်သိန်းပေါင်း ၅၀ ဒသမ ၆ သိန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ်သိန်းပေါင်း ၅၅ ဒသမ ၂၅ သိန်း ကုန်ကျပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ်သိန်းပေါင်း ၄၀ သိန်း လျာထားကာ ကျေးလက်နေပြည်သူများနှင့် ပူးပေါင်းဖောက်လုပ်ခဲ့ကြောင်းသိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျန်ရှိသည့်မြေသားလမ်း တစ်မိုင်အားထည့်သွင်းလျာထားဖောက်လုပ်ပါက ဆည်ကြီး - ဂဇက် ကျေးရွာချင်းဆက်လမ်းပေါ်ထွန်းလာတော့မည်ဖြစ်သည်။

ဆည်ကြီး -ဂဇက် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်သောကြောင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးအခက်အခဲများကို အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက်နိုင်ကြမည်ဖြစ်သည့်အတွက် ယင်းကျေးလက်နေပြည်သူတစ်ရပ်လုံး အလွန်ဝမ်းမြောက်လျက်ရှိကြပြီး အဆိုပါကျေးရွာချင်းဆက်လမ်း ဖောက်လုပ်မှုကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ကလေးဝမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်တို့ကလည်း လက်တွေ့ကွင်းဆင်းကြပြီး အနီးကပ်ကြီးကြပ်လျက်ရှိကြကြောင်း သိရသည်။

ဂျိုးနက်

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိတောင်သူများအကျိုးအတွက် မျိုးသန့်စင်စက်ရုံအား JICA Project မှထောက်ပံ့လှူဒါန်း

မြောင်းမြ၊ မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ် တောင်သူလယ်သမားများ အကျိုးအတွက် JICA Project မှထောက်ပံ့လှူဒါန်းသော တောင်သူပညာပေးခန်းမနှင့် မျိုးသန့်စင်စက်ရုံ ဖွင့်ပွဲကို မေ ၂၆ ရက်၊ မွန်းလွဲ ၁ နာရီက မြောင်းမြမြို့နယ်၊ ကျုံဝါးစိုက်ပျိုးပညာပေးစခန်းတွင် ကျင်းပခဲ့သည်။

ယင်းဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကို၊ နေပြည်တော်(ရုံးချုပ်)၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေး ညွှန်ကြားရေးမှူး ဦးအေးကိုကို၊ JICA Project မှ တာဝန်ရှိသူတို့က အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ JICA Project နှင့်ဆက်စပ်သည့် ထူးချွန်ဆုရ တောင်သူငါးဦး၊ ကြိုးစားဆုရ တောင်သူငါးဦးနှင့် ဝန်ထမ်းထူးချွန်ဆုရရှိသူ သုံးဦးတို့အား ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် ဧည့်သည်များသည် ကျုံဝါးစိုက်ပျိုးရေးစခန်းရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲတော်သို့ ရောက်ရှိပြီး လက်တွေ့ထွန်ယက်ပြုပြင်ကာ မြေပြင်တွင် မြောင်းခုံပြုလုပ်ခြင်း၊ အတန်းလိုက် အကွက်ချကာမျိုးစေ့ချစိုက်ပျိုးခြင်းတို့ကို စိုက်ပျိုးရေးဝန်ထမ်းများက လက်တွေ့သရုပ်ပြ စိုက်ပျိုးကြသည်။

အဆိုပါဖွင့်ပွဲနှင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချစိုက်ပျိုးပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကို၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစန်းမောင်၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ JICA Project မှ တာဝန်ရှိသူများ၊ ကျုံဝါးအထွက်တိုးစခန်းမှ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အောင်မင်း(ပြန်/ဆက်)

095401011, 0973095077

HTET OO MARITIME TRAINING INSTITUTE
Whole Package
BST နှင့် Pre-Sea
CDC / Passport
၁။ BST (4 Tickets) - (နေ့လယ်စာ နှင့် Coffee ကို အခမဲ့ကျွေးမွေးမည်)
၂။ Tanker Familiarization Course (T.F) - (နေ့လယ်စာ နှင့် Coffee ကို အခမဲ့ကျွေးမွေးမည်)
(Oil, Chemical)
၃။ Pre-sea Course (Deck , Engine) - (Onboard Excursion)
၄။ Deck Officer Class - 4 & 5 (Combined) NCV
(၁) Ph: 09 250278274, 01-544562
(၂) Ph: 09 421154222

အခြေခံပညာကျောင်းများတွင် ၂၀၁၄ – ၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံခြင်းများ စတင်ဆောင်ရွက်လျက်ရှိ

ကျောက်ပန်းတောင်း၊ မေ ၂၈

မေလ၏ နောက်ဆုံးပတ်ဖြစ်သော မေ ၂၅ ရက်မှ ၃၁ ရက်ကို ကျောင်းအပ်နှံရေး သီတင်းပတ်ကာလအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက်၊ အခြေခံပညာ ကျောင်းများတွင် ကျောင်းအပ်နှံ၊ လက်ခံခြင်းများဆောင်ရွက်နေသကဲ့သို့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင်လည်း မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းအားလုံးတွင် ကျောင်းအပ်နှံသူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

“မေ ၂၅ ရက်ကစပြီး ကျောင်းအပ်လက်ခံတာပါ။ မူလတန်းအဆင့် သူငယ်တန်းကနေ စတုတ္ထတန်းအထိ တန်းစဉ်တိုင်းကို ကျွန်မတို့ ပညာရေးဌာနကနေ ကျောင်းသုံးဗလာစာအုပ် ခြောက်အုပ်စီနဲ့ ပြဋ္ဌာန်းစာအုပ် ဘာသာစုံကို အခမဲ့ ထောက်ပံ့ပါတယ်။ ကျောင်းအပ်နှံတဲ့နေရာမှာလည်း အားလုံးအခမဲ့ပါပဲ။ ရပ်ကွက်ထဲမှာရှိတဲ့ ကျောင်းနေရမယ့်အရွယ် ကလေးတိုင်း ကျောင်းကိုရောက်ရှိရေးနဲ့ ကျောင်းအပ်နှံနိုင်ရေးကိုလည်း ရပ်ကွက်တာဝန်ရှိတဲ့ လူကြီးတွေနဲ့ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်” ဟု တမ္ပဝတီရပ်ကွက် မူလတန်းကျောင်း အုပ်ဆရာမကြီးက ပြောပြသည်။

၂၀၁၄–၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရန်ရောက်ရှိလာသော ကျောင်းသား၊ ကျောင်းသူလေးများအားတွေ့ရစဉ်။

ကိုနေ(ကျောက်ပန်းတောင်း)

၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်တွင် ချင်းပြည်နယ်၊ ဟားခါးမြို့ မဟာဓာတ်အားလိုင်းမှ မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

ဟားခါး၊ မေ ၂၈

ယခုဘဏ္ဍာနှစ် ၂၀၁၄-၂၀၁၅ တွင် ချင်းပြည်နယ် ဟားခါးမြို့ကို မဟာဓာတ်အားလိုင်းမှမီးလင်းနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့များ အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဟားခါးမြို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်က ပြောသည်။

“ချင်းပြည်နယ်တစ်ခုလုံးမှာ ကျေးရွာပေါင်း ၁၃၀၀ ကျော်ရှိပါတယ်၊ ကျေးရွာ ၃၀၀ လောက်ပဲ မီးလင်းနိုင်သေးတယ်။ လျှပ်စစ်မီးကို အလင်းရောင်ရအောင်ပဲ အသုံးပြုနိုင်တဲ့ ကျေးရွာတွေရှိသလို၊ ဟင်းချက်၊ ထမင်းချက်ပါ အသုံးပြုလို့ရတဲ့ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးတွေလည်းရှိပါတယ်။ အခုတော့ ကျေးရွာမီးလင်းရေးတွေက ပျက်စီးစပြုလာတယ်။

“ဒီလိုပျက်စီးစပြုလာတဲ့အပေါ် လွှတ်တော်မှာကူညီဖို့တင်ပြတဲ့အခါမှာ ရရှိပြီးသားကျေးရွာတွေကို ထောက်ပံ့နေမယ့်အစား လုံးဝမရသေးတဲ့ ကျေးရွာ တွေမှာ လျှပ်စစ်မီးရရှိဖို့ အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆို ပိုပြီးကောင်းပါတယ်” ဟု ဖြေကြားထားကြောင်း ၎င်းလွှတ်တော်ကိုယ်စားလှယ်ကပင် ဆက်လက်ပြောသည်။

ဟားခါးမြို့ကို လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် မြို့နှင့် ၁၈ မိုင်ခန့်ဝေးသော လိုင်ဗားဆည်မှ ၃၀၀ ကီလိုဝပ်နှစ်လုံး ၆၀၀ ကီလိုဝပ်ဖြင့် ဟားခါးမြို့နယ်အတွင်း တပ်ရင်းတပ်ဖွဲ့၊ ဌာနဆိုင်ရာ၊ ရပ်ကွက် ၁၁ ခုနှင့် ကျေးရွာသုံးရွာတို့ကို လျှပ်စစ်မီးပေးလျက်ရှိကြောင်း သိရသည်။

“လျှပ်စစ်မီးသာရမယ်ဆိုရင် ဆင်းရဲမှုလျှော့ချရေးကိုလည်း အထောက်အကူပြုမယ်။ ဆင်းရဲမှုလျှော့ချရေးမှာ လျှပ်စစ်မီးက အဓိကအခန်းကဏ္ဍက ပါဝင်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကျေးရွာတစ်ထောင်ကျော်ကို လျှပ်စစ်မီးပေးနိုင်ဖို့ စီစဉ်နေပါတယ်”ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်က ဆက်လက်ပြောပြသည်။

လင်းလက်ကြယ်စင်

မြင်းခြံမြို့နယ် ဇီးပင်ကန်ကျေးရွာတွင် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း စာမေးပွဲကျင်းပ

မြင်းခြံ၊ မေ ၂၈

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ ဇီးပင်ကန်ကျေးရွာအုပ်စု၊ ဇီးပင်ကန် ကျေးရွာတွင် မေ ၂၅ ရက် မွန်းတည့် ၁၂ နာရီက ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း စာမေးပွဲကို ကျေးရွာအတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ စာမေးပွဲတွင် မန္တလေးမြို့ ဓမ္မိကာရာမတိုက် ရတနာပုံကျောင်းစာချ အရှင်ဝိမလ(ဓမ္မာစရိယ)က သင်တန်းသား၊ သင်တန်းသူများကို ဆုံးမဩဝါဒ စကားပြောကြားခဲ့သည်။ ထို့နောက် ဇီးပင်ကန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စံက လူငယ်လူရွယ်များ ယဉ်ကျေးလိမ္မာပြီး အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးကာ စောင့်ရှောက်တတ်စေရန်၊ မိဘဆရာသမားများအပေါ် ရိုသေကိုင်းရှိုင်းတတ်စေရန် ရည်ရွယ်၍ အဆိုပါစာမေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောသည်။ ပထမအကြိမ် ဇီးပင်ကန်ကျေးရွာ၏ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းစာမေးပွဲကို လူငယ်လူရွယ် ၃၄၈ ဦး ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်းရှိ စိုက်ပျိုးသရက်ခြံများ အပင်ပြတ်ရောင်းချ

တောင်သာ၊ မေ ၂၈

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်ရှိ အညာဒေသ တောင်သူများ ယာမြေ၊ ခြံမြေများတွင် စိုက်ပျိုးကြသည့် သရက်ပင်များမှ ယခုနှစ်တွင် အသီးနည်းသော်လည်း သရက်သီးဈေးကောင်းသောကြောင့် ခြံပြတ်ရောင်းချရာတွင် ဈေးကောင်းရပြီး ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည် ။

တောင်သာ-မြင်းခြံ ကားလမ်းဘေးရှိ ကျေးရွာများဖြစ်သော တမံကြီး၊ တောင်သာချောင်းဘေး စသည့်ကျေးရွာတို့အထိ သရက်သီးဝယ်ကုန်သည်များဆင်း၍ ဝယ်ယူကြသဖြင့် ခြံပြတ်ရောင်းချရာတွင် ဈေးကောင်းရနေကြောင်း သိရသည်။

“ဒီလိုသရက်သီးပေါ်ချိန်တွင် ပျကောင်တွေ အကျများပြီး အသီးနည်းတယ်။ အနယ်နယ်အရပ်ရပ်က ကုန်သည်တွေ ရွာကိုတိုက်ရိုက်ဆင်းဝယ်တော့ အပင်ပြတ်တစ်ပင်ကို ငွေကျပ်တစ်သိန်းသုံးသောင်းကနေ ငွေကျပ်တစ်သိန်းခွဲအထိ ရောင်းရတယ်။ တချို့ကတော့ အလုံးလိုက် လက်လီရောင်းကြတယ်”ဟု သရက်ခြံစိုက်တောင်သူ ဒေါ်သိမ့်သိမ့်အေးက ပြောသည် ။

အဆိုပါ သရက်သီးများအား အလုံးတစ်ရာလျှင် ငွေကျပ် နှစ်သောင်းကနေ နှစ်သောင်းခွဲရောင်းရကြောင်းသိရသည်။

သရက်သီးများသည် ဓာတုဗေဒ ကင်းလွတ်ပြီး သဘာဝအတိုင်းထွက်ရှိသော အသီးများဖြစ်သောကြောင့် ကျန်းမာရေးနှင့်ကိုက်ညီကြောင်း၊ အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးလိုက်စားသူများက အဓိကထားမှာယူကြကြောင်း အဆိုပါ သရက်ခြံစိုက်တောင်သူ ဒေါ်သိမ့်သိမ့်အေး၏ ပြောကြားချက်အရ သိရသည်။

ကျော်မျိုးနိုင်(တောင်သာ)

(N.G.E.S) အင်္ဂလိပ်စာ သင်တန်း၊ မုံမှန် တန်းခွဲများ
(5%) OFF

Full Auto
PH:09 731 92 410
09420035882, 73199257

ရောင်းမည်

ကျွန်ုပ်တိုက်ချေး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ယာဉ်၊ ယန္တရားများရောင်းမည်။
.Exacavator Cat 320 C
.Fuso Dump Truck
.Road Roller
(Good second hand)
Ph: 09-73105553၊09-43202459

သတင်းတိုများ

ရှမ်းပြည်နယ် မူဆယ်မြို့တွင် တရားမဝင် သစ်၊ ဆင်သားရေနှင့် လိပ်ခွံများ ဖမ်းဆီးရမိ

ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူး၊ မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက် နံနက် ၁၁ နာရီခွဲက သတင်းအရ မူဆယ်မြို့၊ စွမ်စောက်ရပ်ကွက်၊မန်ဝိန်းနယ်မြေ၊ ပန်လုံ(၄)လမ်းနေ မခင်ကြူ၏နေအိမ်အား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်ခြံဝင်းအတွင်းရှိ ဂိုဒေါင်မှ တရားမဝင် တမလန်းသစ်များ တင်ဆောင်နေသည့် အပြာရောင်ခြောက်ဘီးယာဉ်ပါ သုံးစီး၊ အခြားဂိုဒေါင်များအတွင်းမှ တရားမဝင် တမလန်းသစ်နှင့် အခြားသစ်များ၊ ဆင်သားရေ ၆၅ အိတ်နှင့် လိပ်ခွံခုနစ်အိတ်တို့အား သိမ်းဆည်းရမိခဲ့သောကြောင့် မခင်ကြူအား အရေးယူနိုင်ရန် မြို့နယ်သစ်တောဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မဒမ်ကျေးရွာအနီးတွင် ခင်ပွန်းမှ ဇနီးနှင့်မသင့်၍ လူသုံးဦးအား ဓားမ၊ ပုဆိန်တို့ဖြင့် ခုတ်သတ်

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ မဒမ်ကျေးရွာအနီး တောထဲ၌ မေ ၂၄ ရက် ည ၁၀ နာရီ တွင် လူသုံးဦး ပုဆိန်ဖြင့်ခုတ်သတ်ခံရ၍သေဆုံးသွားကြောင်း ဆွောင်းပတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇမ်ခိုဆေးမှ အကြောင်းကြားသဖြင့် တွန်းဇံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ မဒမ်ကျေးရွာအနီး တောထဲတွင် တောင်ယာလုပ်သူများဖြစ်သည့် တွန်းဇံမြို့နယ်၊ မဒမ်ကျေးရွာနေ ဟာခိုပေါင် ၄၄ နှစ်၊ ခမ်းပတ်မြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးလွန်းကျင်ထန် ၆၁ နှစ်၊ ဆွောင်းပတ်ကျေးရွာနေ ဦးသွခိုလွန်း(ခ)ဆိုခိုလွန်း ၄၁ နှစ်တို့သုံးဦး ပျောက်ဆုံးနေကြောင်း ဦးဇမ်ခိုဆေးအား လာရောက်အကြောင်းကြားသဖြင့် ရွာသားများနှင့်အတူ ကျေးရွာအနီးရှိ တောအတွင်း ဝိုင်းဝန်းရှာဖွေရာ ၎င်းတို့သုံးဦးအား တောထဲတွင် ဒဏ်ရာများအသီးသီးရရှိ သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရှိရသည်။ စစ်ဆေးချက်အရ မဒမ်ကျေးရွာနေ သောင်ခိုဇမ်း ၃၃ နှစ်မှ သေဆုံးသူသုံးဦးအား ၎င်း၏ ဇနီးနှင့်မသင့်၍ မေ ၂၃ ရက်တွင် တောထဲ၌ ဓားမ၊ ပုဆိန်တို့ဖြင့် ခုတ်သတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် သောင်ခိုဇမ်းအား တွန်းဇံမြို့မရဲစခန်း (ပ)၄/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ကျန်းမာရေးဆောင်းပါး

အမျိုးသမီး၊ အမျိုးသား ဖလံတောင်ဝှေး ဆောင်လို့ထား

à aZ ,w(kau)G

လူ့ဘောင်လောကတွင် ရှောင်မရသည့် သဘာဝတို့အတိုင်း တွေ့ဆုံရင်းနှီးရသည့် ဖိုမသတ္တဝါတို့၏ လိုအင်များနှင့် တိုက်ဆိုင်ခဲ့ပါလျှင် အသုံးတည့်စေရန် ကျမ်းဆရာတို့၏ အတတ်ပညာကို ရှာဖွေ၍ ဖလံတောင်ဝှေး ဆေးပင်အကြောင်း တင်ပြလိုက်ရပါသည်။

ပါဠိလို 'ကေမုခ' ဟု အမည်တွင်ပြီး မြန်မာအမည် 'ကလန်တောင်ဝှေး(ခ) ဖလံတောင်ဝှေး' ဟူသော ဆေးသစ်ပင်သည် မိုးဥတုတွင် များစွာပေါက်ရောက်တတ်ပြီး မြန်မာနှင့်အိန္ဒိယ နှစ်နိုင်ငံတွင် အနှံ့အပြား တွေ့ရှိရတတ်သည်။

အပင်၏ပုံသဏ္ဌာန်မှာ လှပသော သစ်ပျော့ပင်တစ်မျိုးဖြစ်၍ ပင်စည်မှာ နီညိုရောင်ရှိသည်။ လေးပေမှ ၁၀ ပေအထိ အမြင့်ရှိတတ်သည်။ အရွက်မှာ ငှက်တောင်ပုံဖြစ်၍ ထိပ်ချွန်သည်။ ကိုးလက်မခန့် ရှည်သည်။ ပန်းခိုင်သည် အပင်ထိပ်ဖျားမှ ထွက်ပြီး ကတော့ပုံပန်းခိုင်ဖြစ်သည်။ သုံးလက်မခန့်ရှည်၍ နီသော ခံပွင့်၊ ခံရွက်များ ရှိကြသည်။ အပွင့်၏အရောင်မှာ အဖြူဆွတ်ဆွတ်ဖြစ်ကာ နုနယ်၍ လှိုင်းတွန့်ကဲ့သို့ ဖြစ်၏။ ကတော့ပုံသဏ္ဌာန်ဖြစ်ပြီး အချင်းသုံးလက်မခွဲ၊ အရှည်နှစ်လက်မခန့် ရှိသည်။

ပညာရှင်တို့၏ အဆိုအရ ဖလံတောင်ဝှေးကို ဓားပြားနှင့်ရိုက်၍ ဟင်းချက်သောက်က အမျိုးသမီးများ နို့မထွက်ခြင်း၊ နို့ပူခြင်း၊ ယားယံခြင်း၊ နို့အနာပေါက်ခြင်း၊ နို့ချောင်းပိတ်ခြင်း၊ သကျည်းကိုက်ခြင်းတို့ကို ပျောက်စေနိုင်သည်။ ဖလံတောင်ဝှေးကို အခြောက်လှန်း၊ အမှုန့်ပြု၍ အုန်းဆီဖြင့်ဖျော်ပြီး စအိုနှင့် ဆီးစပ်ကို လိမ်းထားပါက သားအိမ်လျှောကျခြင်း၊ သားအိမ်အောင့်ခြင်း၊ ယောကျ်ား အူကျခြင်း၊ တိုနာဖြစ်ခြင်းတို့ကို ပျောက်စေသည်။ အမျိုးသမီးများ ရင်သားတွင်ဖြစ်တတ်သော သာမန်အကျိတ်များအား ဖလံတောင်ဝှေးကို ထုချေ၍ အကျိတ်ပေါ် အုံကာ အဝတ်ဖြင့်စည်းပေးခြင်းဖြင့် အကျိတ်များ ကြေစေပါသည်။

အမျိုးသားများ ဒူလာရောဂါ ခံစားနေရပါက ဖလံတောင်ဝှေး သုံးခွက် တစ်ခွက်တင် ကျို၍လည်းကောင်း၊ ဖလံတောင်ဝှေးဥကို အခြောက်ခံ အမှုန့်ပြုလုပ်၍ ချင်း၊ သကြားတို့နှင့် ရောစပ်၍လည်းကောင်း သောက်သုံးပါက မုချပျောက်ကင်းရပေလိမ့်မည်။ ဖလံတောင်ဝှေးကို ငါးခူနှင့် ရောချက်စားပါက ကာမအားကို ကောင်းစေပါသည်။

ရေကြက်သားနှင့် ချက်စားလျှင် ဆီးကျောက်တည်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးအားနည်းခြင်း၊ ဆီးကျန်ခြင်း၊ ဆီးဝါခြင်းတို့ကို ပျောက်စေသည်။ နွားသားနှင့် ချက်စားပါက ဆီးရွှင်စေပြီး ကျောက်ကပ်ရောဂါကို ကာကွယ်ပေးနိုင်ပါသည်။

ဆေးဖက်ဝင် ကလန်တောင်ဝှေး(ခ)ဖလံတောင်ဝှေး

ထို့ပြင် ပဠင်ပါး၏အကျိုးကား အဖျား၊ နူနာ၊ ချောင်းဆိုး၊ ဒူလာ၊ သွေးနှင့် ဆက်စပ်သော ရောဂါတို့ကို ပျောက်ကင်းစေသည်။

ဖလံတောင်ဝှေး၏ မြေအောက်ပင်စည်တွင် Sterodal Saponin ဒြပ်ပေါင်း ပါဝင်ပြီး ရုက္ခဗေဒအမည် Costus speciosus smith ဖြစ်သည်။ ဆေးပညာရှင်တို့၏ ပညာဂုဏ်ကို ယုံကြည်စွာဖြင့် အမျိုးသမီးတို့ အမျိုးသားတို့၏ ကူရာ၊ ကယ်ရာ၊ အားထားရာ တောင်ဝှေးတစ်ချောင်းကား ဖလံတောင်ဝှေး ဆေးသစ်ပင်သာဖြစ်ကြောင်း ဖတ်မှတ်သိရှိရသမျှ ဝေမျှလိုက်ရပါသည်။

ကရင်ပြည်နယ် ဘားအံမြို့ အ.ထ.က(၃)ကျောင်းတွင် အခြေခံကင်းထောက်သင်တန်း ဖွင့်လှစ်

ဘားအံ၊ မေ ၂၈

ကရင်ပြည်နယ်၊ ဘားအံမြို့အ. ထ. က(၃) ကျောင်းတွင် အခြေခံကင်းထောက်သင်တန်းအား မေ ၁၄ ရက်မှ မေ ၂၁ ရက်ထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကင်းထောက်သင်တန်းဥက္ကဋ္ဌအဖြစ် အ. ထ. က(၃) ကျောင်းအုပ်ဆရာကြီး ဦးငွေစိုးက ဆောင်ရွက်ခဲ့ပြီး ပြည်နယ်အဆင့် ကင်းထောက်နည်းပြသင်တန်း တက်ရောက်ခဲ့ပြီး ဆရာမများဖြစ်သော ဒေါ်ခင်နွယ်နွယ်၊ ဒေါ်ရင်ရင်လှ၊ ဒေါ်ခင်ဥမ္မာလွင်၊ ဒေါ်ဥမ္မာချို၊ ဒေါ်ကြူကြူသင်းတို့က ကင်းထောက်နည်းပြများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ဘားအံမြို့ အ. မ. က(၉)ကျောင်းမှ ဆရာမ ဒေါ်ငွေငွေဝင်းက ရေကြောင်းဆိုင်ရာအတတ်ပညာများကို သင်ကြားပို့ချခဲ့ပြီး၊ ဘားအံအ. ထ. က(၃)မှ ဆရာဦးထွန်းထွန်းဝေနှင့် ဆရာမဒေါ်အေးအေးမော်တို့က သင်ထောက်ကူနည်းပြအဖြစ် ပံ့ပိုးကူညီခဲ့သည်။

ဘားအံမြို့နယ်ကြက်ခြေနီအသင်းမှ အဖွဲ့ဝင်ငါးဦးတို့ကလည်း ပတ်တီးစည်းနည်း၊ CPR အသက်ရှူအားကူနည်းနှင့်တကွ ရှေးဦးသူနာပြုစုနည်းများကို သင်တန်းတွင် လာရောက်ပို့ချခဲ့သည်။

ကင်းထောက်သင်တန်းဥက္ကဋ္ဌ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ ဘားအံမြို့နယ် ကြက်ခြေနီအသင်းအဖွဲ့ဝင်များ၊ ကင်းထောက်လူငယ်မောင်မယ်တို့သည် မေ ၂၀ ရက်တွင် ကင်းထောက်တောစခန်းထွက်ခြင်း လေ့ကျင့်ခန်းကို ဘားအံကြာအင်းတောင်ခြေတွင် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကင်းထောက်သင်တန်း တက်ရောက်သောသင်တန်းသား ၁၀၉ ဦးတို့သည် မေ ၂၁ ရက်တွင် အောင်မြင်စွာ သင်တန်းဆင်းခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**






တရားစီရင်ရေးမဏ္ဍိုင်တစ်ခုလုံးကို သိမ်းကျုံးပုတ်ခတ်ပြောဆိုနေခြင်းမှာ ကျိုးကြောင်းဆီလျော်သင့်မြတ်မှုမရှိကြောင်း ပဲခူးခရိုင်တရားသူကြီးပြော

ပဲခူး၊ မေ ၂၈

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်နှစ်လျှင် အမှုသုံးသိန်းကျော် စီရင်ဆုံးဖြတ်လျက်ရှိပြီး အမှုရှုံးနိမ့်သူသုံးသိန်းကျော်တွင် တိုင်ကြားသူ ကိုးထောင်ခန့်ရှိသည်ဆိုပါက အမှုရှုံးနိမ့်သူ သုံးရာနှုန်းခန့်က တိုင်တန်းခြင်းဖြစ်သဖြင့် တရားစီရင်ရေးမဏ္ဍိုင် တစ်ခုလုံးကို သိမ်းကျုံးပုတ်ခတ်ပြောဆိုနေခြင်းမှာ အကျိုးအကြောင်း ဆီလျော်သင့်မြတ်မှုမရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်သင်တန်းခန်းမ၌ ကျင်းပသည့် တရားရုံးဝန်ထမ်းများ ရက်တိုမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၄) သင်တန်းဆင်းပွဲတွင် ပဲခူးခရိုင်တရားသူကြီး ဦးအုန်းမြင့်က ယင်းကဲ့သို့ ပြောကြားခဲ့သည်။

ထို့ပြင် တရားစီရင်မှုသဘာဝကို ကောင်းစွာသိနားလည်ခြင်းမရှိသူများ၊ မအောင်မြင်သောရှေ့နေများနှင့် လွယ်လင့်တကူ ထင်ပေါ်လိုသောသူတို့ကပါ တရားရှုံးနိမ့်သူတို့၏ တိုင်ကြားစာများကို ပုံကြီးချဲ့၍ အဆင်ခြင်မဲ့ သိမ်းကျုံး ပုတ်ခတ်နေမှုများအတွက် သိမ်ငယ်ရန်မလိုကြောင်း၊ စိတ်ဓာတ်ပျက်ပြားစရာမလိုကြောင်း ၎င်းကဆက်လက်ပြောသည်။

သို့ရာတွင် မိမိတို့၏အားနည်းချက်ကို ရဲရဲဝံ့ဝံ့လက်ခံ၍ ဆင်ခြင်ပြုပြင်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းတိုင်းက မိမိ၏လုပ်ငန်းတာဝန်ကို တန်ဖိုးထားဂုဏ်ယူစိတ်ထားရှိရန်လိုကြောင်း၊ ပဲခူးခရိုင်တရားသူကြီးက သင်တန်းသားများကို မှာကြားခဲ့သည်။

တရားရုံးသို့ လာရောက်သည့် အမှုသည်များသည် ပူပင်သောကနှင့် လာကြသူများဖြစ်သဖြင့် ပြေပြစ်ချောငံစွာဆက်ဆံခြင်း၊ မိမိတာဝန်ကိုဖြောင့်မှန်စွာ ဆောင်ရွက်ကူညီပေးခြင်းဖြင့် စိတ်အေးချမ်းစေသင့်ကြောင်း၊ မပေးမလုပ် ပေးမှလုပ်မည်ဆိုပါက တရားရုံးအပေါ် ယုံကြည်မှု ပျက်ပြားစေကြောင်း၊ တရားရုံးကိုအမှီပြု၍ တရားရုံးဝန်းကျင်တွင် ကျင်လည်ကျက်စားသော ပညာတတ်လူလည်များနှင့် အမှုပွဲစားများကြောင့် ဂုဏ်သတင်းပျက်ယွင်းစေနိုင်ကြောင်း၊ မိမိတို့ကြောင့် နာမည်ကောင်းမရစေကာမူ နာမည်မပျက်စေလိုကြောင်း၊ ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ထည့်သွင်းမှာကြားသည်။

ရက်သတ္တသုံးပတ်ကြာမြင့်ခဲ့သည့် တရားရုံးဝန်ထမ်းများ ရက်တိုမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၄) သင်တန်းဆင်းပွဲကို မေ ၂၅ ရက် ညနေ ၃ နာရီက ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်သင်တန်းခန်းမ၌ ကျင်းပပြုလုပ်ရာ စာရေးဝန်ထမ်းသင်တန်းသား ၃၉ ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယခရိုင်တရားသူကြီးများနှင့် ခရိုင်အတွင်းရှိမြို့နယ်မှ မြို့နယ်တရားသူကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဦးကျော်စိုး**

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း အထူးအစည်းအဝေးကျင်းပ

မန္တလေး၊ မေ ၂၈

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အသင်းသားစုံညီအထူးအစည်းအဝေးကို မေ ၂၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်ရှိ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် အမှုဆောင်များ၊ ညီနောင်အသင်း ၂၃ သင်းမှ အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က အသင်းကြီး၏ ဆောင်ရွက်ချက်များ၊ အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ညီနောင်အသင်းများမှ အသင်းဝင်များအား အမှုဆောင်အဖြစ် အင်းအားဖြည့်ဆည်းရေးနှင့် အသင်းဝင်များစည်းလုံးညီညွတ်စွာ လုပ်ငန်းများဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အသင်းဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်က အသင်းအဖွဲ့စည်းမျဉ်းများနှင့်အညီ အသင်းအားကျစ်လျစ်ခိုင်မာစွာဖွဲ့စည်းရေး၊ မျိုးဆက်သစ်လုပ်ငန်းရှင်လူငယ်များအား အမှုဆောင်အဖွဲ့တွင် အစားထိုးထည့်သွင်းဖွဲ့စည်းရေး၊ ညီနောင်အသင်းများ တိုးချဲ့စည်းရုံးရေး၊ အသင်းပိုင်ငွေကြေးများ စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲရေးတို့ကို ဆွေးနွေးပြီး အသင်းဖွံ့ဖြိုးရေးအတွက် အကြံပြုဆွေးနွေးကြသည်။

မေ ၃၁ ရက်တွင် ကျင်းပရန်စီစဉ်ထားသည့် မန္တလေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင် သစ်ရွေးချယ်တင်မြှောက်ပွဲကျင်းပရန် စီစဉ်ထားရှိမှုအား ယာယီရွှေ့ဆိုင်းလိုက်ပြီး အသင်းဖွဲ့စည်းပုံ စည်းမျဉ်းအားခေတ်စနစ်နှင့်အညီ ပြင်ဆင်ရေးဆွဲကာ ညီနောင်အသင်းများအပါအဝင် အမှုဆောင်သစ် ပွင့်လင်းမြင်သာစွာ ရွေးချယ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

ကျေးလက်နေပြည်သူများအတွက် ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်တွင် ရွာ ၂၄ ရွာ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးမည်

ကျောက်ပန်းတောင်း၊ မေ ၂၈

ကျေးလက်နေ ပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် တူးဖော် ပြင်ဆင်ဆောင်ရွက်ပြီးစီးခဲ့သော ရေတွင်းရေကန်များ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် လက်ပံပင်ကျေးရွာအုပ်စု လက်ပံပင်ရွာတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်သန်း၊ တိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးဦး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်အောင်၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆန်း၊ မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး၊ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်နှင့် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းကြီးကြပ်မှုကော်မတီများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် မြို့နယ်စီမံ/အထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းကြီးကြပ်မှုကော်မတီများ၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့များ၊ ဒေသခံကျေးရွာပြည်သူများ တက်ရောက်ကြသည်။

